ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ သောကြာနေ့၊ (28-7-2006) (၅၀၃၂)

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ဦးတည်ဆောင်ရွက်လျက်ရှိ
ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးမှုကို အလေးထား
စပါးစိုက်ပျိုးမှုတွင် လှေကားထစ်လယ်ယာမြေ တိုးချဲ့ဖော်ထုတ်

နေပြည်တော် ဇူလိုင် ၂၇

ချင်းပြည်နယ် မင်းတပ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် မင်းတပ်မြို့မှ မင်းတပ်–ပခုက္ကူလမ်းအတိုင်း ထွက်ခွာကြပြီး မိုင်တိုင်အမှတ်(၉၆/၅) မှ (၉၆/၂) အကြားရှိ မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လက်ဖက်ခြံ ၂၀၀ ဧကစိုက်ခင်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လက်ဖက်ပင်များအား ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းအတွင်း ယခုနှစ်မိုးစပါးဧက သိန်း ၃၀ ပြည့်မီအောင် စိုက်ပျိုးရန်ကြိုးပမ်းလျက်ရှိ
ညောင်လေးပင်မြို့နယ်အနေဖြင့်လည်း လျာထားချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်
ဒေသကြက်နှင့်ဘဲကို အိမ်တိုင်းမွေးမြူ၍ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူ

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ၍ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းနယ်စပ် ဝမ်းဘောဒုတ်တံတားသို့ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ညောင်လေးပင်မြို့ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း အုတ်တွင်းမြို့နယ် ချဉ်ပေါင်ပျော့ဖတ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၇-၂၀၀၆
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငြိမ်းချမ်းရေးလမ်းမှ လက်တွဲညီညီလျှောက်လှမ်း နိုင်ငံတော်ကို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရက နယ်မြေဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဆက်စပ်ဖွံ့ဖြိုးလာစေရေးအတွက် စီမံဖြည့်ဆည်းပေးလျက်ရှိရာ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိဖြစ်ထွန်းနေပြီဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာလတို ငါးနှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းမှုကြောင့် ဒေသအလိုက် စီမံကိန်းလျာထားချက်များ ပိုမိုတိုးတက် အောင်မြင်လျက်ရှိသည်။

အတိတ်ကာလက လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးမှု နောက်ကျနေရသည့် ရှမ်းပြည်နယ်သည် ယခုအခါတွင် အဆင့်မြင့်ပညာသင်ကြားနိုင်သည့် တက္ကသိုလ်များ၊ ဆေးရုံကြီးများ၊ လမ်းသစ်၊တံတားသစ်များ၊ စီးပွားရေးလုပ်ငန်းကြီးများ တည်ဆောက်ဖြည့်ဆည်းပေးထားမှုကြောင့် မြို့ပြစည်ပင် ဖွံ့ဖြိုးလျက်ရှိသည်။ တိုင်းရင်းသားညီအစ်ကိုများ အဆင့်မြင့်ပညာများကို လွယ်လင့်တကူ သင်ယူနိုင်ခွင့်၊ ကျန်းမာရေးကုသစောင့်ရှောက်မှု ခံယူနိုင်ခွင့်များ ခံစားရရှိနေကြပြီဖြစ်သည်။

ယင်းသို့သော အချိန်အခါကောင်း၊ အခြေအနေကောင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာသကဲ့သို့ မကြာမီ ရက်ပိုင်းအတွင်းကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၈၄၈ဦးတို့ ဥပဒေဘောင်အတွင်းသို့ တပေါင်းတစည်းတည်း ဝင်ရောက်လာခဲ့ကြသည့် သတင်းကောင်းများကို ကြားသိ တွေ့မြင်နေရသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ရပ်လုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု ရရှိစေရေးအတွက် တောတွင်းလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာနိုင်စေရန် ငြိမ်းချမ်းရေးတံခါးကို ဆက်လက်ဖွင့်ထားဆဲဖြစ်သည်။ လက်ကျန်တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသပြည်သူများ အကျိုးစီးပွားရေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်သွားကြရန် အချိန်အခါ ကျရောက်နေပြီဖြစ်သည်။

ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးစည်ပင်နေခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုကြီး၏ မည်သည့်အစိတ်အပိုင်းတွင်နေသည်ဖြစ်စေ တိုင်းရင်းသားအားလုံးက ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံဖွံ့ဖြိုးငြိမ်းချမ်းသာယာစေရန် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်သည်။ လက်ကျန်တောတွင်းလက်နက်ကိုင်အဖွဲ့များ အနေဖြင့် ငြိမ်းချမ်းရေးလမ်းမှ ဥပဒေဘောင်အတွင်း ဆက်လက်ဝင်ရောက်လျှောက်လှမ်းလာကြခြင်းဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးပြီး ထာဝရတည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၆ရက်ကကျင်းပရာ ရိပ်သာဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့် ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား အက်စကတ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကင်ဟတ်စု လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကတ်)၏ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကင်ဟတ်စုသည် ယမန်နေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယဥ်ကျေးလိမ္မာ လူငယ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်တွင် အသက်(၁၆)နှစ်မှ (၂၅)နှစ်အထိ လူငယ်လူရွယ်များအတွက် ယဉ်ကျေးလိမ္မာ တရားစခန်းကို ဩဂုတ် ၄ရက်မှ ၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီအရောက် လာကြရန်နှင့် ဇူလိုင် ၃၁ရက်မှစ၍ ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း-၅၁၄၇၆၈၊ ဓာနည်ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ဦးသိန်းဝင်း ဖုန်း-၅၄၀၀၉၂၊ ဦးလှကြည် ဖုန်း-၂၄၀၄၀၀ လိုင်းခွဲ(၃၀)၊ ဦးဝင်းရွှေ(မှော်ဘီ) ဖုန်း-၆၂၀၅၂၀နှင့် ဦးမျိုးမြင့်(ပဲခူး)ဖုန်း-၀၅၂-၂၂၁၃၆တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေမှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးဝင်းထိန်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(ခ) ဦးတင်မောင်ထွန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ) ဦးထွန်းလှိုင်	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန
(ဃ) ဦးတင်ထွေး	ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
(င) ဒေါက်တာ ဒေါ်ခင်မေအုန်း	ပါမောက္ခချုပ် သူနာပြုတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန
(စ) ဒေါက်တာသိန်းထွန်း	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ဆ) ဒေါက်တာ တင်ဝင်းမောင်	ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန



သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး တတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ ရေးဆွဲအတည်ပြုရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၇

သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး တတိယအကြိမ် အမျိုးသားအဆင့် အစီရင်ခံစာ ရေးဆွဲအတည်ပြုရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အခြားဆက်နွယ်သော ဝန်ကြီးဌာန ၁၀ခုမှ ကိုယ်စားလှယ်များ၊ အပူပိုင်းဒေသတိုင်းသုံးတိုင်းအတွင်းရှိ ခရိုင် ၁၂ခုမှ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူလူထု ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကမ္ဘာ့ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention to Combat Desertification - UNCCD)နှင့် သစ်တောရေးရာ ဝန်ကြီးဌာနတို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး စာတမ်းရှစ်စောင် ဖတ်ကြားဆွေးနွေးကြသည်။ မြန်မာနိုင်ငံသည် UNCCD ၏ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ အဆိုပါ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအမျိုးသားအဆင့် အစီရင်ခံစာကို ၂၀၀၆ခုနှစ် ဩဂုတ်လမတိုင်မီ UNCCD သို့ ပေးပို့သွားရမည်ဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရွှေကျင်မြစ်ရေအခြေအနေ

ရန်ကုန် ဇူလိုင် ၂၇

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁း၃၀ နာရီအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် စင်တီမီတာ ၇၀၀ သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

✱ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မင်းတပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလောထန်က စိုက်ခင်း၏တည်နေရာနှင့် လက်ဖက်ဧက ၂၀၀ကို တိုက်ရိုက်အစေ့ချစနစ်ဖြင့် တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းက ပြည်နယ်အသင်းအနေဖြင့် လက်ဖက်စိုက်ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားချက်အပေါ် ၇၁၆ ဧက စိုက်ပျိုးပြီးစီးနေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက်စိုက်ပျိုးရန် နေရာကို သစ်ပင်ကြီးများ၊ သစ်တောများ ကင်းလွတ်မြေကို ရွေးချယ်ရန်နှင့် သတ်မှတ်ပေးထားသော လက်ဖက်စိုက်ဧက ပြည့်မီအောင် ဆက်လက်စိုက်ပျိုးကြရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လက်ဖက်ပင်များအား ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မင်းတပ်-ပခုက္ကူလမ်း မိုင်တိုင်အမှတ်(၉၆)မင်းတပ်အရှေ့ပြင်ရပ်ရှိ မင်းတပ်မြို့နယ် နွားနောက်မွေးမြူရေး စခန်းအမှတ်(၁)သို့ ရောက်ရှိကြရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာလင်းလောဟာက စခန်း၌ မူလ နွားနောက်ကောင်ရေ ၁၉၁ကောင်မှ သုံးနှစ်အတွင်း ၃၇၃ ကောင်အထိ တိုးပွားလာမှုအခြေအနေနှင့် ဆက်လက်မွေးမြူဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် ကျေးရွာတောင်သူတို့၏ နွားနောက် မွေးမြူထားရှိမှုနှင့် မိုင်တိုင်အမှတ်(၉၅)အနီး၌ မင်းတပ်မြို့နယ်မှ ဌာနဆိုင်ရာများ၏ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းတပ်-ပခုက္ကူ ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲ/ယာရှိ သစ်တောများ စိမ်းလန်းစိုပြည်မှု အခြေအနေများနှင့် မိုင်တိုင်အမှတ်(၉၀/၃)အနီး၌ မိုးစပါးစိုက်ခင်းများနှင့် ရေလွှဲဆည်တည်ဆောက်နိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်၊

ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ချင်းပြည်နယ်နှင့် မကွေးတိုင်း နယ်နိမိတ်၏ ချင်းပြည်နယ်ဘက်ခြမ်း ဝဲဘက်တောင်ကုန်းများပေါ်၌ မင်းတပ်မြို့နယ်၏ ရော်ဘာ ၁၅ဧကစိုက်ခင်းသို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူးတို့သည် ရော်ဘာစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြပြီး မင်းတပ်-ကျောက်ထု-ဆော လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီးနောက် လမ်းတစ်လျှောက်ရှိ စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်းအတိုင်း ဆက်လက်ထွက်ခွာကြ၍ ကန်ပက်လက်မြို့အဝင်ရှိ ရွှေတောင်တန်း စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ခြံပိုင်ရှင် ဦးမြမောင်က ၎င်းခြံအတွင်း လက်ဖက်ပင် ၆ဒသမ၆၂ဧက၌ အပင်ပေါင်း ၃၂၄၁၅ပင်ကို လည်းကောင်း၊ အခြားနှစ်ရှည်သီးနှံများဖြစ်သည့် လိမ္မော်ပင် ၁၂၀၀၊ ကမ္ဘလာပင် ၄၈ပင်တို့ကိုလည်းကောင်း၊ ဥစားကြက် ၄၀၂ကောင်ကို လည်းကောင်း စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လက်ဖက်စိုက်ခင်းနှင့် နှစ်ရှည်သီးနှံပင်များ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လက်ဖက်စိုက်ပျိုးခြင်းကို ယခုထက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့သို့ ရောက်ရှိကြပြီး ကန်ပက်လက်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သင်တန်းကျောင်း ကျောင်းအုပ် ဦးအောင်မြက သင်တန်းသားအိပ်ဆောင်၊ ဘုရားခန်းနှင့် စာကြည့်ခန်းတို့ကို လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသားများအတွက် အဝတ်အထည်များနှင့် စားစရိတ် ထောက်ပံ့ငွေများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို လည်းကောင်း ကျောင်းအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ လူမှုဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ ဆရာတော် ဘဒ္ဒန္တဦးဥတ္တမအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ် လှူဒါန်းကြပြီးနောက် ကျောင်းဝင်းအတွင်း၌ တည်ဆောက်လျက်ရှိသော ဘုန်းကြီးကျောင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်-မင်းတပ်လမ်း မိုင်တိုင်အမှတ်(၈၅)အနီးရှိ နွားနောက်မွေးမြူရေးစခန်းသို့လည်းကောင်း၊ မိုင်တိုင်အမှတ်(၈၃/၇)ရှိ ကန်ပက်လက်မြို့နယ် သစ်တောဦးစီးဌာန၏ ငါးဧကရှိ လက်ဖက်စိုက်ခင်းကို လည်းကောင်း၊ အုတ်ဖိုစံပြကျေးရွာအနီးမှ ကျင်ဒွေးသို့ ဖောက်လုပ်ထားသည့် အရှည်မိုင် ၅၀ ရှိ ကျေးရွာချင်းဆက်လမ်းအခြေအနေကိုလည်းကောင်း၊ နတ်မတောင် အမျိုးသားဥယျာဉ်သို့ လည်းကောင်း၊ ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၅ဒသမ၈၂ ဧကရှိ လက်ဖက်စိုက်ခင်းနှင့် အသစ်ဆောက်လုပ်ဆဲ လေးခန်း နှစ်ထပ်ရှိ ကျောင်းဆောင်သစ်တို့ကိုလည်းကောင်း၊ ကန်ပက်လက်မြို့ရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လက်ဖက်စိုက်ခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ကန်ပက်လက်မြို့ရှိ ဌာနဆိုင်ရာ ၁၄ခုနှင့် ပုဂ္ဂလိက လက်ဖက်စိုက်ခင်းခြောက်ခုတို့မှ စုစုပေါင်း လက်ဖက်စိုက်ခင်း ၄၉ ဒသမ ၃၆ ဧကရှိပြီး မြို့ပတ်ဝန်းကျင်၌ စုစုပေါင်း လက်ဖက်စိုက်ခင်း ၁၇၆ဧကရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံ၏တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစောလွင်တို့က တိုးချဲ့အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကန်ပက်လက်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းသားများအတွက် အဝတ်အထည်များနှင့် စားစရိတ်ထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆေးရုံအဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အလျားပေ ၅၀၊ အနံပေ ၂၀၊ အမြင့် ၁၁ပေနှင့် ဝရန်တာရှစ်ပေရှိ အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီးနောက် ဆေးရုံအတွင်းရှိ အမျိုးသမီးလူနာဆောင်နှင့် မွေးဖွားပြီးလူနာခန်းအတွင်း ကြည့်ရှုစစ်ဆေး၍ လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ စိုက်ပျိုးထားသော လက်ဖက် ၂ဒသမ၅ဧကနှင့် နှစ်ရှည်သီးနှံပင်များဖြစ်သော သရက်၊ပိန္နဲ၊လိမ္မော်၊သံပရာပင်များကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့စိုက်ပျိုးရန် မှာကြားကာ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းမနှင့် အမျိုးသားလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဒေါ်လှလှရီနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းရှိ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇)၌ သင်တန်းသူ ၄၅ဦးတို့ အခြေခံအပ်ချုပ်သင်တန်း၊ သိုးမွှေးစက်ဆွဲသင်တန်း၌ စက်များကို ကိုယ်တိုင်အသုံးပြုသင်ယူနေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသူများအား အိမ်တွင်းအသက်မွေးမှုပညာများကို စနစ်တကျတတ်မြောက်အောင် သင်ယူဆည်းပူးကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့ဝင်များနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

ရှေးဦးစွာ ကန်ပက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် မြို့နယ်၏ လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေသိန်းက မင်းတပ်ခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်သည် ယခုအခါ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး ကုန်စည်စီးဆင်းမှု မှန်ကန်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ထို့အတူ ကန်ပက်လက်မြို့သည်လည်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်ကောင်းမွန်နေပြီဖြစ်သဖြင့် ဒေသဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေး ဦးတည်ဆောင်ရွက်လျက်ရှိရာ ကန်ပက်လက်မြို့သည်လည်း လက်ဖက်စိုက်ပျိုးမှု စံပြမြို့ဖြစ်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ထို့ကြောင့် ကန်ပက်လက်မြို့ရှိ ဌာနဆိုင်ရာရုံးများ၏ ရုံးခြံဝင်းများ၊ မြေလွတ်များတွင် လက်ဖက်ပင်များကို စနစ်တကျစိုက်ပျိုးသွားကြရန် နှစ်ရှည်သီးနှံဖြစ်သော ထောပတ်၊ တည်း၊ ပိန္နဲပင်များကိုပါ စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့အတူ ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးမှုကိုလည်း အလေးထား၍ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ်ရေး၊ စပါးစိုက်ပျိုးမှုတွင် လှေကားထစ်လယ်ယာမြေ တိုးချဲ့ဖော်ထုတ်လုပ်ကိုင်ဆောင်ရွက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကန်ပက်လက်ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ဒေါက်တာ မျိုးကျော်အောင်သို့ လည်းကောင်း၊ အဝတ်အထည်များကို ကန်ပက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းသို့ လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ပညာရေးဝတ်စုံများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝတ်စုံများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝတ်စုံများကို တာဝန်ရှိသူများအား အသီးသီးထောက်ပံ့ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကန်ပက်လက်-မင်းတပ်လမ်းရှိ (Mountain Oasis Resort) ဧည့်ခန်းမ၌ ချင်းပြည်နယ်ခရီးစဉ်အတွင်း ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အသီးသီး၌ ဌာနဆိုင်ရာများ၏ လိုအပ်ချက်များအပေါ် ပြန်လည်သုံးသပ်ညှိနှိုင်းကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၄ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိသည်။ ဇွဲကပင်ခန်းမတွင် ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)** ထိုသို့တွေ့ဆုံရာတွင် ဝန်ထမ်းများ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ထားပြီး အဂတိတရား ကင်းရှင်းစွာ လုပ်ဆောင်သွားရန်၊ ဝန်ထမ်းများ ခြိုးခြံချွေတာစုဆောင်းရေး၊ မိသားစုများ ၁၀မျိုး ၁၀ပင်၊ စင်တစ်စင်ကို မဖြစ်မနေစိုက်ပျိုးသွားရန်မှာကြားကာ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးအခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၂၅ရက်တွင် မော်လမြိုင်မြို့သို့ရောက်ရှိပြီး ပြည်နယ်ခန်းမ၌ မော်လမြိုင်ခရိုင်၊ သထုံခရိုင်တို့ရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး လိုအပ်သည်များကို ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစ္စရေးနိုင်ငံမြောက်ပိုင်း အက္ကရီမြို့တွင် ဟစ်ဇ်ဘိုလာတို့ပစ်ခတ်သည့်ဒုံးကျည် ကျရောက်ပေါက်ကွဲပြီးနောက် အပျက်အစီးအချို့ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်အရေးကိစ္စတွင် သံတမန်နည်းဖြင့် ဖြေရှင်းရန် ပါကစ္စတန်က နည်းလမ်းရှာဖွေလျက်ရှိ

အစ္စလမ္မာဘတ် ဇူလိုင် ၂၆

လက်ဘနွန် အရေးကိစ္စကို ပါကစ္စတန်သမ္မတဗိုလ်ချုပ်ကြီးပါဗက်ဇ်မူရှာရက်ဖ်နှင့် ဆော်ဒီအာရေဗျနိုင်ငံဘုရင်အဗ္ဗဒူလာတို့ ဖုန်းဖြင့်ဆွေးနွေးပြောကြားကြကြောင်း၊ လက်ဘနွန်အရေးကိစ္စတွင် သံတမန်နည်းဖြင့် ဖြေရှင်းရန် ပါကစ္စတန်နိုင်ငံက ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံပိုင်သတင်းဌာန အေပီပီက ထုတ်ပြန်ဖော်ပြသည်။ လက်ဘနွန်ကိစ္စတွင် အစ္စလာမ့်အဖွဲ့အစည်း(အိုအိုင်စီ)က နိုင်ငံရေးအရ ကြားဝင်ဖြေရှင်းသင့်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီကြသည်။

လိုအပ်

လက်ဘနွန်အရေးကိစ္စကို ချက်ချင်းအဆုံးသတ်ရန် နိုင်ငံတကာရေးရာအရ ကြိုးပမ်းဆောင်ရွက်မှုကို အိုအိုင်စီနှင့် အခြားသော ကမ္ဘာ့ခေါင်းဆောင်များက ပါဝင်ဖြေရှင်းပေးရန် လိုအပ်ကြောင်း ၎င်းတို့က ထပ်မံသဘောတူညီမှု ရရှိကြသည်။

လက်ဘနွန်ပြည်သူများ အခက်အခဲဒုက္ခများနှင့် ကြုံတွေ့နေရသည်ကို ၎င်းတို့ စာနာမိကြောင်း ပြောကြားကြသည်။

ဆွေးနွေး

လက်ဘနွန်နိုင်ငံတွင် ဆိုးရွားလှသော အခြေအနေနှင့် ပတ်သက်၍ အီရန်သမ္မတ မာမွတ်အာမက်ဒီနီရတ်နှင့် ပါကစ္စတန်သမ္မတမူရှာရက်ဖ်တို့ အစောပိုင်းက ဆွေးနွေးခဲ့ကြသည်။ လက်ဘနွန်ပြည်သူများကို အိုအိုင်စီအဖွဲ့က ကူညီပေးသင့်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက အမြင်ချင်းဖလှယ်ပြောကြားကြသည်။

အိုအိုင်စီအဖွဲ့၏ ကြားဝင်ဖြေရှင်းမှုကို ပါကစ္စတန်နိုင်ငံအနေဖြင့်လုံးဝထောက်ခံကြောင်း မူရှာရက်ဖ်က ထုတ်ဖော်ပြောကြားသည်။

ပိုမိုဆိုးရွား

လက်ဘနွန်တွင် လူလူချင်းစာနာထောက်ထားမှုအခြေအနေ ပိုမိုဆိုးရွားမှုနှင့် ပတ်သက်၍ ပါကစ္စတန် ဝန်ကြီးချုပ် ရှော်ကက်အာဇစ်နှင့် လက်ဘနွန်ဝန်ကြီးချုပ် ဖိုရက်ဒ်ဆီနီအိုရာတို့က တယ်လီဖုန်းဖြင့် ဆွေးနွေး ပြောကြားကြသည်။

ကတိပေး

လက်ဘနွန်တွင် ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်လျှင်ပွင့်ချင်း ပါကစ္စတန်နိုင်ငံက ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မည်ဖြစ်သည်ဟု အာဇစ်က ကတိပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖရိကမှ ဥရောပသို့ ခိုးဝင်ရန် ကြိုးစားသူများ စပိန်ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းမိ

မဒရစ် ဇူလိုင် ၂၆

ဥရောပသို့ ခိုးဝင်ရန် ကြိုးပမ်းသူ အာဖရိကနိုင်ငံသားများ လိုက်ပါလာသည့် လှေတစ်စင်းကို စပိန်နိုင်ငံ ကနေရီကျွန်းအနီး၌ ဇူလိုင် ၂၄ရက်တွင် တွေ့ရှိရကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

စပိန်တပ်ဖွဲ့က တွေ့ရှိချိန်တွင် နှစ်ဦးမှာ သေဆုံးနေသည်ကို တွေ့ရပြီး ထိုလှေပေါ်တွင် ၄၆ ဦးကိုလည်း ထပ်မံဖမ်းဆီးရမိသည်။ ၎င်းတို့အုပ်စုအတွင်း အမျိုးသမီးနှစ်ဦးနှင့် လူငယ်တစ်ဦးလည်းပါဝင်သည်။ ထိုလူအားလုံးကို ကမ်းခြေသို့ ခေါ်ဆောင်လာပြီး ဆေးဝါးများ ကုသပေးထားကြောင်း သိရသည်။

လှေပေါ်တွင် သေဆုံးနေသူ နှစ်ဦး အဘယ်ကြောင့် သေဆုံးရသည်ကို မသိရသေးပေ။ အာဖရိကဒေသ မော်ရီတေးနီးယားနှင့် ဆီနီဂေါနိုင်ငံတို့မှ မြေထဲပင်လယ်အတွင်း မိုင် ၉၀၀ ကျော် ခရီးကို လှေဖြင့်စွန့်၍ လာကြသူများ အနက် ငါးပုံတစ်ပုံမှာ သေဆုံးကြရသည်ဟု ကြက်ခြေနီအဖွဲ့က ခန့်မှန်းသည်။ သေဆုံးရသူများမှာ ခရီးကြမ်းတမ်းခြင်း၊ ရေငတ်ခြင်းနှင့် ရေနစ်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လေယာဉ်ပြပွဲတွင် ပြသထားသော လေယာဉ်အချို့ကို ဇူလိုင်၂၃ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ဇီဝလောင်စာအစားထိုးသုံးစွဲရန်စီစဉ် ပီလောပီနံ၊ ကြံ၊ ဆီအုန်းနှင့် ကြက်ဆူတို့မှ ထုတ်ယူမည်

ဂျကာတာ ဇူလိုင် ၂၆

အင်ဒိုနီးရှားနိုင်ငံသည် လာမည့် လေးနှစ်အတွင်း ရေနံနှင့် ဓာတ်ငွေ့ သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းကို ဇီဝလောင်စာဖြင့် အစားထိုး သုံးစွဲသွားနိုင်ရန် အစီအစဉ် ချမှတ်ထားကြောင်း စွမ်းအင်နှင့် ဓာတ်သတ္တု အရင်းအမြစ်များ ဝန်ကြီး ပါနိုမိုယပ်ဂီယန်တိုရိုက တနင်္လာနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဇီဝလောင်စာကို ပီလောပီနံ၊ ကြံ၊ ဆီအုန်းနှင့် ကြက်ဆူတို့မှ ထုတ်ယူသွားမည် ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ပြောကြား

အင်ဒိုနီးရှားနိုင်ငံတွင် အစိုးရအဖွဲ့က ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျဘဲ ဓာတ်ငွေ့နှင့် ရေနံသုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းတွင် ဇီဝလောင်စာဖြင့် အစားထိုး အသုံးပြုရန် ရည်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ဟက်တာခြောက်သန်း

ဖော်ပြပါ ရည်မှန်းချက် အောင်မြင်စေရေးအတွက် ဇီဝလောင်စာ ကုန်ကြမ်းအပင်များ စိုက်ပျိုးနိုင်ရန် မြေနေရာ ဟက်တာခြောက်သန်း ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် မြေနေရာ ဟက်တာ ငါးသန်း အသင့်ရှိကြောင်း ပါနိုမိုက ပြောကြားသည်။

ဇီဝလောင်စာကို ပြည်တွင်းဈေးကွက်၌ ရောင်းချရေးအတွက် နိုင်ငံပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပါတာမီးနား ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါနိုမိုက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ဂျီးရီးယား၌ ကလေးခုနစ်သောင်းကျော် အိပ်ချ်အိုင်ဗွီ ကူးစက်ခံရ

လေဂို့စ် ဇူလိုင် ၂၆

နိုင်ဂျီးရီးယားနိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါကူးစက်ခံရသည့် ကလေးဦးရေ ၇၃၅၅၀ ရှိကြောင်း၊ အဓိကအားဖြင့် မိခင်မှကလေးသို့ ကူးစက်ခြင်းဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

မိခင်မှ ကလေးသို့ ရောဂါကူးစက်နှုန်း အနည်းဆုံးအဆင့်သို့ လျော့ကျလာစေရေးအတွက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ဆောင်မှုကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အိပ်ချ်အိုင်ဗွီဆိုင်ရာ ၂၀၀၅ ခုနှစ် အစီရင်ခံစာ၌ ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပသည့် မယ်စကြဝဠာပြိုင်ပွဲတွင် သရဖူဆောင်းသွားသော ပွာတိုရီကိုမှ အလှမယ် ဇူလီကာရီဗာရာမင်ဒိုဇာအား ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်နိုင်ငံတကာလေကြောင်းပြပွဲပြီးစီး

ဖန်ဘိုရက်ချ်(ဗြိတိန်) ဇူလိုင် ၂၆

ဗြိတိန်နိုင်ငံ၌ ရက်သတ္တပတ်ကြာကျင်းပခဲ့သော ၂၀၀၆ ခုနှစ် ဖန်ဘိုရက်ချ် နိုင်ငံတကာ လေကြောင်းပြပွဲ (အက်ဖ်အိုင်အေ)မှာ ဇူလိုင် ၂၃ ရက်တွင် ပြီးစီးသွားသည်။ ယင်းပြပွဲတွင် လေကြောင်းဆိုင်ရာ စက်ပစ္စည်းများရောင်းချရမှုမှာ အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံကျော် ရှိသည်ဟု ထုတ်ပြန်ကြေညာသည်။

တက်ရောက်

အက်ဖ်အိုင်အေပြပွဲတွင် ၃၅ နိုင်ငံမှ လုပ်ငန်းရှင်ပေါင်း ၁၄၈၀ တက်ရောက်သည်။ ၄၃ နိုင်ငံမှ ကာကွယ်ရေး ကိုယ်စားလှယ် ၇၅ ဦးနှင့် အရပ်ဘက်လေကြောင်းကိုယ်စားလှယ် ၄၀ တက်ရောက်ခဲ့သည်။

ပါဝင်

နိုင်ငံတကာလေကြောင်းကုမ္ပဏီများက ယင်းပြပွဲတွင် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံကျော်ဖိုး ရောင်းချရကြောင်း အက်ဖ်အိုင်အေလေကြောင်း ပြပွဲဖြစ်မြောက်ရေး အဖွဲ့ဝင်များက ပြောကြားသည်။ ရောင်းချရသောပစ္စည်းများတွင် ပြည်တွင်းလေကြောင်းနှင့် ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လေယာဉ်အင်ဂျင်များ၊ လေယာဉ်တပ်ဆင်ရေးပစ္စည်းများ၊ သင်တန်းသုံးပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံမှ ကုလသမဂ္ဂတပ်ဖွဲ့ဝင် သေဆုံးမှု ဝမ်းနည်းကြောင်း သမ္မတဟူကျင်တောင် ပြောကြား

ပေကျင်း ဇူလိုင် ၂၇

လက်ဘနွန်တွင် တာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂ စစ်ရေးအကဲခတ် တရုတ်နိုင်ငံသားတစ်ဦး သေဆုံးမှုနှင့် ပတ်သက်၍ တရုတ်သမ္မတဟူကျင်တောင်က လွန်စွာဝမ်းနည်းရကြောင်း ပြောကြားသည်ကို တရုတ် နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ဘနွန်တွင် တာဝန်ထမ်းနေသော တရုတ်နိုင်ငံသားတပ်ဖွဲ့ဝင်သည် အစ္စရေးတပ်ဖွဲ့များက ကုလသမဂ္ဂစခန်းကို လေကြောင်းမှ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးရခြင်းဖြစ်သည်။

တိုက်ခိုက်မှုများဖြစ်ပွားနေသော နိုင်ငံတွင်ရောက်ရှိနေသော တရုတ်နိုင်ငံသားများ၏ အသက်အန္တရာယ် လုံခြုံရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ထားရန် တရုတ်သမ္မတက ညွှန်ကြားခဲ့သည်ဟု ဖော်ပြပါကြေညာချက်တွင် တစ်ဆက်တည်းရေးသားထားသည်။

အစ္စရေးတပ်ဖွဲ့များသည် ဇူလိုင် ၂၆ ရက် နံနက်စောစောပိုင်းက လေကြောင်းမှပစ်ခတ်တိုက်ခိုက်စဉ်က တရုတ်နိုင်ငံသားတစ်ဦး အပါအဝင် ကုလသမဂ္ဂ စစ်ရေးအကဲခတ် တပ်ဖွဲ့ဝင်လေးဦး အသက်ဆုံးခဲ့ရသည်။ ကျန်သုံးဦးမှာ ဖင်လန်နိုင်ငံ၊ သြစတြေးလျနိုင်ငံနှင့် ကနေဒါနိုင်ငံများမှ ကုလသမဂ္ဂ စစ်ရေးအကဲခတ် တပ်ဖွဲ့ဝင်များဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဌာနအနေဖြင့် လက်ဘနွန်ရှိ ကုလသမဂ္ဂ စစ်ရေးအကဲခတ်တပ်စခန်း တိုက်ခိုက်ခံရသည့်ကိစ္စကို ရှုတ်ချကြောင်း ကြေညာရန်နှင့် သေဆုံးသူ တရုတ်အရာရှိ၏ မိသားစုထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ရန် တရုတ်သမ္မတဟူက ညွှန်ကြားသည်။

သေဆုံးသွားသူ တရုတ်အမျိုးသားမှာ တရုတ်အမျိုးသား ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိသူ ဒူကျောက်ယု ဖြစ်သည်။ ၎င်းသည် တရုတ်ပြည် အရှေ့ပိုင်း ရှန်တုန်ပြည်နယ် မြို့တော်ကျီနန်မှဖြစ်ပြီး ဘွဲ့လွန်ဒီဂရီ ရရှိထားသူတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် စစ်ရေးအကဲခတ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုမီ အိန္ဒိယနိုင်ငံရှိ တရုတ်သံရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါတွင်ယာဉ်တိုက်မှုဖြစ် သုံးဦးသေဆုံး၊ ၁၉ဦး ဒဏ်ရာရ

ခတ္တမန္ဒူ ဇူလိုင် ၂၅

နီပေါနိုင်ငံရှိလမ်းများ အခြေအနေဆိုးရွားမှုကြောင့် အဝေးပြေးလမ်းမ တစ်နေရာတွင် ဇူလိုင် ၂၃ ရက်က ယာဉ်တိုက်မှုဖြစ်ပွားရာ သုံးဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိ သွားကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်တွင် စစ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် အနည်းဆုံး သုံးဦးသေဆုံးပြီး အခြား ခရီးသည် ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှာ ခတ္တမန္ဒူမြို့တောင်ဘက် ဘာရာခရိုင်မှ ကီလိုမီတာ ၁၀၀ အကွာရှိ ဘဂါဝမ်ဒေသတွင် ဖြစ်ကြောင်း ဘာရာခရိုင် ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

ယာဉ်တိုက်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများအနက် ငါးဦးမှာ အခြေအနေဆိုးရွားသဖြင့် ဆေးဝါးကုသပေးရန် ထိုဒေသရှိ ခါလီယာဆေးရုံနှင့် နာရာရာနီယာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ဆေးရုံမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့ ဒေါင်ဟူ ငါးပြတိုက်အတွင်း ရေသတ္တဝါများအား လေ့လာနေကြသူနှစ်ဦးကို ဇူလိုင် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နီဆန်းမှထုတ်လုပ်သော လာဂိုကားများ ဈေးကွက်မှ ပြန်လည်သိမ်းယူ

တိုကျို ဇူလိုင် ၂၆

နစ်ဆန်းကားကုမ္ပဏီသည် လာဂိုလူစီးကား ၁၃၅၁၀၂ စီးကို ဈေးကွက်မှ ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း၊ ယင်းအမျိုးအစားကားများ၏ အမိုးမှာ ပြုတ်ထွက်လာနိုင်ဖွယ်ရှိသည့်အတွက် ပြန်လည်သိမ်းယူခြင်းဖြစ်ကြောင်း အိုးအိမ်မြေယာနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောကြားချက်ကို ကိုးကား၍ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အကြောင်းကြား

ဈေးကွက်မှကားများ ပြန်လည်သိမ်းယူမှုနှင့် ပတ်သက်၍ ယင်းကား ထုတ်လုပ်သောကုမ္ပဏီက အဆိုပါဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့သည်။

ထုတ်လုပ်

၂၀၀၀ ပြည့်နှစ် စက်တင်ဘာမှ ၂၀၀၆ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပွားသော ယာဉ်တိုက်မှု ၂၀ တွင် လာဂိုကားများ ပါဝင်နေသည်။ ထိုကားများသည် ၁၉၉၃ ခုနှစ် ဧပြီလမှ ၁၉၉၉ ခုနှစ် မေလများအတွင်း ထုတ်လုပ်ခဲ့သော လာဂိုအမိုးအရှင်တပ်ဆင်ထားသော ကားများဖြစ်သည်။

ချွတ်ယွင်းချက်ရှိ

အဆိုပါ ကားအမျိုးအစားသည် ကားအမိုးကို ပိတ်ထားစဉ်တွင်လည်းကောင်း၊ ယာဉ်တိုက်မှုနှင့် ကြုံတွေ့လျှင်လည်းကောင်း အမိုးကျွတ်ထွက်သည့် ချွတ်ယွင်းချက်ရှိသည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

အမိုးအရှင်ကားများသည် တုန်ခါခြင်းနှင့် လေပြင်းတိုက်ခတ်မှုဒဏ်များကြောင့် အမိုးများ ပြုတ်ထွက်ခြင်း သို့မဟုတ် ချောင်ကျလာခြင်းတို့ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်သို့ ခိုးသွင်းလာသော အူရန်ဂူတန် မျောက်နှစ်ကောင်ကို ဟိုချီမင်းမြို့မှ အင်ဒိုနီးရှားသို့ ပြန်လည်ပို့ရန် ပြင်ဆင်နေသည်ကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘင်္ဂလားဒေ့ရှ်တွင် လူ ၅၀၀ကျော် သွေးလွန်တုပ်ကွေးဖြစ်ပွား

ဒါကာ ဇူလိုင် ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၅၄ ဦး အထိရှိပြီး အခြားလူ ၆၄ဦးမှာ ဆေးရုံများနှင့် ဆေးပေးခန်းများတွင် ကုသမှုခံယူနေကြောင်း ဒေးလီးစတား သတင်းစာက ဇူလိုင် ၂၅ ရက်တွင် ဖော်ပြသည်။

ဒါကာမြို့တော်၏ ဒေသ အသီးသီးတွင် သွေးလွန်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးကို ဒါကာမြို့တော် စည်ပင်သာယာရေး (စီဒီစီ) က အပူတပြင်း ဆောင်ရွက်နေကြောင်း ၎င်းသတင်းစာက ရေးသားသည်။

အမ်အင်အေ၊ဆင်ဟွာ။



စင်ကာပူကုန်တင်သင်္ဘော အလာစကာကမ်းလွန်၌ ရေဝင်ကာတိမ်းမှောက်

အင်ကာရေ့ချ်(အလာစကာ) ဇူလိုင် ၂၆

ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်း ရေပြင်တွင် ပင်လယ်ရေများဝင်ကာ တိမ်းစောင်းနေသော သင်္ဘောမှ သင်္ဘောသား ၂၂ ဦးကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စင်ကာပူအခြေစိုက် ကိုဂါအေ့စ် ကုန်တင်သင်္ဘော အလာစကာ ကမ်းလွန်တစ်နေရာတွင် တိမ်းစောင်းနေသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အကူအညီပေး

ထိုသင်္ဘောသည် ကနေဒါနိုင်ငံသို့ ဦးတည်သွားနေစဉ် ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်။ ယင်းသင်္ဘောသည် စင်ကာပူအခြေစိုက် ကိုဂါအေ့စ်အမည်ရှိ မော်တော်ကားတင်သင်္ဘောဖြစ်သည်။ ဇူလိုင် ၂၃ ရက် ညပိုင်းတွင် အရေးပေါ်အခြေအနေ ကြုံတွေ့နေရသဖြင့် အကူအညီပေးပါရန် ထိုသင်္ဘောက သတင်းပေးပို့ခဲ့သည်ဟု အလာစကာကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ကားများသယ်ဆောင်လာ

ယင်းသင်္ဘောပေါ်တွင် ကားအစင်းပေါင်း ရာနှင့်ချီ၍ သယ်ဆောင်လာကြောင်း သိရသည်။

အသုံးပြု

အခင်းဖြစ်ပွားရာ နေရာအနီးတွင် ကမ်းခြေစောင့်တပ်ဖွဲ့ လေယာဉ်နှင့် ကုန်သင်္ဘောနှစ်စီးတို့ ရှိနေကြသည်။ သင်္ဘောနစ်မြုပ်သွားခဲ့လျှင် အသုံးပြုနိုင်စေရန် ကမ်းခြေစောင့်တပ်ဖွဲ့လေယာဉ်က အသက်ကယ်ဖောင်တစ်ခုကို ချပေးခဲ့သည်။

ရေဝင်မှု

မည်သည့်အကြောင်းကြောင့် သင်္ဘောအတွင်းသို့ ရေများဝင်ရသည်ကိုလည်းကောင်း၊ မည်သည့်နေရာမှ ရေများဝင်နေသည်ကိုလည်းကောင်း မသိရသေးဟု ဆိုသည်။

ကနေဒါသို့သွား

ထိုသင်္ဘောသည် အလာစကာကမ်းခြေမှ မိုင် ၂၃၀ အကွာတွင် ရောက်ရှိနေပြီး မစ်စူအီအိုအက်စ်ကေ လိုင်းပိုင် သင်္ဘောဖြစ်ပြီး ကနေဒါနိုင်ငံ ဗင်ကူးဗားဆိပ်ကမ်းသို့ ဦးတည်သွားနေခြင်းဖြစ်သည်။

ယခုအခါ သင်္ဘောသားများအား ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အငြိမ်းစားတို့ စကားဝိုင်း(၁၇)

ဟိန်းမြင့်

၂၀၀၆ခုနှစ် ဇွန်လ ၃၀ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည်ကို တွေ့ရပါသည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၁ရက်နေ့နှင့် ၂ရက်နေ့တို့တွင် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ အဆိုပါညီလာခံ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်ကို တွေ့ရပါသည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကဦးဆောင်၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ပြည်လမ်းရှိ စိန်ရတုခန်းမ၌ အောင်မြင်စွာကျင်းပခဲ့သည်ကို တွေ့ရသည့်အပြင် ပြည်နယ်နှင့်တိုင်းအလိုက်လည်း မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများ ကျင်းပခဲ့ကြသည်ကို တွေ့ရပါသည်။

အဆိုပါ ကိစ္စရပ်များနှင့်ဆက်စပ်၍ ကျွန်တော်တို့အငြိမ်းစားများ ဆုံမိကြစဉ်တွင် စကားဝိုင်းဖွဲ့မိကြပြန်ပါသည်...။

"အတွင်းရေးမှူး(၁)ရဲ့ ဆရာ၊ ဆရာမများကို မှာကြားချက်ထဲမှာ ဒို့ပြည်သူအားလုံးနဲ့ဆိုင်တဲ့ သတိထားရမယ့်အချက်တွေလည်း ပါတာတွေ့ရတယ်"

"ဆိုစမ်းပါဦး၊ ငါ့မျက်လုံးတိမ်ခွဲထားရတော့ အခုတလော သတင်းစာ မဖတ်မိဘူး"

"နိုင်ငံတော်ကို ဆန့်ကျင်နေတဲ့ အဖျက်သမားတွေနဲ့ ကျောင်းသားအမည်ခံထားတဲ့ နိုင်ငံရေးပွဲစားအချို့တို့က အထွေထွေလူထုအုံကြွမှုကြီးလို့ အမည်တပ်ထားတဲ့ ဆူပူသောင်းကျန်းမှုကြီး ဖြစ်လာအောင် ပြည်တွင်း၊ ပြည်ပချိတ်ဆက်ပြီး လှုံ့ဆော်ဖန်တီးနေကြတယ်။ အဲဒီအဖျက်သမားတွေက အေးအေးချမ်းချမ်း ပညာသင်ကြားနေတာတွေ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းနေတာတွေကို ပျက်ပြားသွားအောင် ကျောင်းသူ၊ ကျောင်းသားလူငယ်များအကြားမှာ အဖျက်အမှောင့်လုပ်ငန်းတွေကို သွတ်သွင်းဖန်တီးသွေးထိုးလှုံ့ဆော်နေကြတယ်လို့ဆိုတယ်"

"အေး၊ ပြည်ပအသံလွှင့်ချက်တွေကို နားထောင်ရင်လဲ ၈၈ ခုနှစ်ကလို အရေးအခင်းကြီးမျိုးဖြစ်အောင် ဓာင်းပေးပြောနေတာတွေ တွေ့နေရတယ်"

"အဲဒါကြောင့်မို့ ဆရာ၊ ဆရာမတွေအနေနဲ့ ဘေးရန်ဆီးကာဆိုတဲ့ ဆရာ့ကျင့်ဝတ်နဲ့အညီ မိမိတို့ရဲ့တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်တွေ အသိဉာဏ်ရင့်ကျက်အောင်၊ အတွေးအခေါ်ခိုင်မာအောင်၊ဆင်ခြင်တုံတရားပြည့်ဝအောင်ပညာနှင့်ယှဉ်ပြီး သိမြင်ရှောင်ရှားနိုင်အောင်ပြုစုပျိုးထောင်ပေးဖို့၊ ကာကွယ်စောင့်ရှောက်ပေးကြဖို့ ပြောကြားသွားတယ်"

"လူငယ်ဆိုတာ ခံစားလွယ်တယ်၊ တက်ကြွတယ်။ မဟုတ်မခံတတ်တဲ့ စိတ်ရှိတယ်မဟုတ်လား။ ဒါကိုအခွင့်ကောင်းယူပြီး လုပ်ကြံဖန်တီးသွေးထိုးလှုံ့ဆော်နေတာကို ဆရာ၊ ဆရာမတင် မဟုတ်ဘူး၊ မိဘတွေဖြစ်ကြတဲ့ မင်းတို့ငါတို့ ပြည်သူတွေကပါ အသိပညာပေးပြီး ကာကွယ်ကြဖို့လိုမယ်"

"အမျိုးသားရေးအပေါ် အခြေခံပြီး ဖွဲ့စည်းထားတဲ့ NGOအဖွဲ့တွေကလည်း တာဝန်သိသိနဲ့ ဝိုင်းဝန်းပါဝင်ကြဖို့လိုမယ်။ အထူးသဖြင့် စာပေအနုပညာရှင်တွေအနေနဲ့ စာပေအနုပညာစွမ်းအားတွေနဲ့ ပြည်သူတွေ၊ လူငယ်လူရွယ်တွေကို အသိဉာဏ်ပညာပေးကြရမယ်။ အဖျက်လုပ်ရပ်တွေဖြစ်တဲ့ လုပ်ကြံဖန်တီး ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်မှုတွေကို အမြဲမီးမောင်းထိုးပြနေသင့်တယ်"

"၈၈ခုနှစ် အရေးအခင်းမှာ ပြည်သူတွေကိုဘယ်လိုသွေးထိုး လှုံ့ဆော်ဖန်တီးပုံကြီးချဲ့သွားခဲ့သလဲ။ အထူးသဖြင့် ခရစ်စတိုဖာဂန်းနစ်ရဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုကို တမင်သက်သက် လုပ်ကြံဖန်တီး ထုတ်လွှင့်သွားခဲ့လို့ မီးတောက်ကို ဓာတ်ဆီလောင်းထည့်ပြီး လေပါပင့်ပေးလိုက်သလိုဖြစ်သွားခဲ့တာ ဒို့အားလုံးအမြင်ပဲ မဟုတ်လား။ ဒို့ပြည်သူတွေ မင်းမဲ့စရိုက်ရဲ့ဒဏ်ကို ဘယ်လောက်ခံခဲ့ရသလဲ၊ လူပုံအလယ်မှာ ခေါင်းဖြတ်သတ်ခဲ့ကြတဲ့ လုပ်ရပ်တွေကြောင့် ဒို့နိုင်ငံရဲ့ ဂုဏ်သိက္ခာ ဘယ်လောက်ကျဆင်းခဲ့ရသလဲဆိုတာတွေ ဘယ်သူမှ မေ့နိုင်ကြမှာ မဟုတ်ပါဘူး"

"အဲဒီအဆိုးတွေထဲက အဆိုးဆုံးတစ်ခုကတော့ ကိုယ့်သားသမီးတွေကိုတော့ နိုင်ငံခြားမှာ စာသင်ခိုင်းထား၊ အခြားကျောင်းသား၊ ကျောင်းသူလူငယ်များကိုကျတော့ မိဘချင်း ကိုယ်ချင်းမစာဘဲ နယ်စပ်ကိုတွန်းလွှတ်၊ ထွက်မပြေးရင်ဘဲ တပ်မတော်အစိုးရက ဖမ်းတော့မယ့် သဘောမျိုးခြိမ်းခြောက်ပြီး သောင်းကျန်းသူတွေရှိရာ ထွက်ပြေးခိုင်းတာမို့ လူငယ်အချို့ ဘဝပျက်ခဲ့ကြရတာတွေ၊ အချို့သေဆုံးခဲ့ကြရတာတွေဟာ ပုံပြင်မဟုတ်ဘူးလေ။ တကယ့်ဖြစ်ရပ်အမှန်တွေပဲ။ နောက်ဆုံးတပ်မတော်အစိုးရက မိဘချင်းကိုယ်ချင်းစာနာစိတ်နဲ့ တစ်ဖက်နိုင်ငံနဲ့ညှိပြီး ပြန်ခေါ်လို့ ကျောင်းသူ၊ ကျောင်းသား အများအပြားပဲ ပြန်ရောက်လာတယ်မဟုတ်လား။ သူတို့ရဲ့ ရင်ဖွင့်ပြောဆိုချက်တွေ၊ မိဘနဲ့ပြန်တွေ့ရလို့ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ကြတာတွေ မေ့ရက်နိုင်စရာ မရှိပါဘူး"

"ဒို့နိုင်ငံကိုစိတ်ကြိုက်ခြယ်လှယ်စိုးမိုးနိုင်ဖို့ ရုပ်သေးအစိုးရကို တင်လိုတဲ့ ပြည်ပနိုင်ငံကြီးနဲ့ လက်ဝေခံ အသုံးချခံတွေဖြစ်ကြတဲ့ပြည်တွင်း ပြည်ပ၊ မြေပေါ်မြေအောက် အဖျက်သမားတွေကတော့ ဒို့ပြည်သူတွေကို ဘေးဒုက္ခမီးထဲမရောက်ရောက်အောင် နည်းမျိုးစုံသုံးလို့ အတင်းတွန်းပို့နေကြမှာပဲ၊ ဒို့နိုင်ငံ မတိုးတက်မဖွံ့ဖြိုးဖို့၊ ဒို့ပြည်သူတွေဆင်းရဲ ဒုက္ခရောက်ဖို့၊ နိုင်ငံတကာက ဒို့နိုင်ငံအပေါ် အထင်အမြင်လွဲမှားပြီး ဖိအားတွန်းအားတွေပေးဖို့ ဆက်လုပ်နေကြမှာပဲ။ ဒါတွေကို ဒို့ပြည်သူတွေ၊ ကျောင်းသား၊ ကျောင်းသူ လူငယ်တွေ သတိမူမိပြီး အသိရှိရှိနဲ့ ကာကွယ်ဆန့်ကျင်တိုက်ဖျက်နိုင်ဖို့လိုမယ်"

"စာပေပညာရှင်တွေ၊ သတင်းမီဒီယာတွေကသမိုင်းကြောင်းက ခါးသီးစရာကောင်းလွန်းတဲ့သင်ခန်းစာ အဖြစ်အပျက်တွေနဲ့ အတွေ့အကြုံတွေ ရရှိခဲ့ပြီးတာကို ဘယ်တော့မှ မမေ့ဖို့၊ သတိရှိဖို့ကို အမြဲမီးမောင်းထိုးပြ၊ အမှန်တရားတွေနဲ့ လုပ်ကြံဖန်တီး ပုံကြီးချဲ့မှုတွေကို ချေဖျက်ကြ၊ ပြည်သူတွေ ဆင်ခြင်သုံးသပ်လို့ အမှန်ကို မြင်နိုင်ကြအောင် အသိပညာတွေ ပေးကြဖို့ အထူးလိုမယ်"

"ဟုတ်တယ်လေ။ ဒါကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံမှာ အတွင်းရေးမှူး (၁)ကရော၊ ပြန်ကြားရေးဝန်ကြီးကပါ စာပေပညာရှင်တွေ၊ သတင်းမီဒီယာ တွေကို အမျိုးသားရေးဘက်က ခိုင်ခိုင်မာမာရပ်တည်ကြပြီး အမျိုးသားရေး အကျိုးစီးပွားတွေကို ကာကွယ်စောင့်ရှောက်ကြဖို့၊ စာပေစွမ်းပကားတွေနဲ့ ပြည်သူတွေသိအပ်၊ တွေးအပ်၊ မြင်အပ်၊ ဆင်ခြင်အပ်၊ လုပ်ဆောင်အပ် တာတွေကို ကဏ္ဍစုံကနေရေးသားကြဖို့၊ ပြည်သူတွေရဲ့ မြတ်နိုးအပ်တဲ့ စရိုက်လက္ခဏာကောင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြဖို့၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေလူတိုင်းမှာ အစဉ်အမြဲရှိနေကြဖို့၊ အမျိုးဂုဏ်ဇာတိဂုဏ်တွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့၊ အဖျက်အမှောင့်လုပ်ရပ်များနဲ့ လုပ်ကြံဖန်တီး ပုံကြီးချဲ့စွပ်စွဲမှုတွေအပေါ် မှန်ကန်စွာဆင်ခြင်သိမြင်သုံးသပ်နိုင်ကြဖို့၊အမှားအမှန် အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်တဲ့အသိဉာဏ်ပညာများ ရှိကြစေဖို့၊ နိုင်ငံတကာနဲ့ ပြည်တွင်းဖြစ်စဉ်သမိုင်းကြောင်းတွေထဲက သင်ခန်းစာတွေ ရရှိစေဖို့အတွက် အမြဲပညာပေးလှုံ့ဆော်နေကြပါလို့ တိုက်တွန်း ပြောကြားသွားတာ တွေ့ရပါတယ်"

"စာပေညီလာခံကိုယ်စားလှယ်အားလုံးက အခုလို အတွင်းရေးမှူး(၁)နဲ့ ပြန်ကြားရေးဝန်ကြီးတို့ရဲ့ အမှာစကားတွေကို ရှေ့လုပ်ငန်းစဉ်တွေအဖြစ် ခံယူကျင့်သုံးကြဖို့ တစ်ခဲနက် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတာတွေကို တွေ့ရလို့ အလွန်ကျေနပ်အားရစရာပဲဟေ့"

"စာပေပညာရှင်တွေနဲ့ မီဒီယာအားလုံးက သမိုင်းကြောင်း ခေတ်အဆက်ဆက်က စာပေပညာရှင်များရဲ့ အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းပြီး အမျိုးသားရေးအမြင်နဲ့ အမျိုးသားရေးဘက်က ရပ်တည်လို့ စာပေတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားကြမယ်ဆိုရင် နိုင်ငံအတွက် တကယ်အားကိုးရမယ့် အမျိုးသားရေး အင်အားစုကြီးတစ်ရပ် ဖြစ်နေမှာ မလွဲပါဘူး"

"အေးပေါ့၊ ဒါ့ကြောင့် စာပေလောကသားအားလုံးကို ဦးဆောင်နေတဲ့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ထက်ထက်မြက်မြက် သွက်သွက်လက်လက်နဲ့ ကျစ်လျစ်ခိုင်မာတောင့်တင်း ညီညွတ်တဲ့ အဖွဲ့ကြီးတစ်ရပ် ဖြစ်လာအောင် စည်းရုံးဆောင်ရွက်သွားဖို့လိုမယ်"

"မင်းက အဖွဲ့ဝင်တစ်ယောက်အနေနဲ့ စာပေညီလာခံ သွားတက်ထားတော့ လက်ရှိအမှုဆောင်သစ်ရဲ့ အခြေအနေကို ပြောစမ်းပါဦး"

"လက်ရှိအမှုဆောင်သစ်တွေထဲမှာ အရာရာကို ဝေဖန်ပိုင်းခြားနိုင်တဲ့၊ အတွေ့အကြုံရင့်ကျက်တဲ့ အသက်ကြီးပိုင်းတွေပါတယ်။ အင်တိုက်အားတိုက် စွမ်းစွမ်းတမံလုပ်ဆောင်နိုင်ကြတဲ့ အတွေ့အကြုံ အထိုက်အလျောက်ရှိကြတဲ့ လူလတ်ပိုင်းတွေပါတယ်။ မျိုးဆက်သစ်လူငယ်တွေအဖြစ်နဲ့ လက်ဆင့်ကမ်း တာဝန်ယူကြရမယ့် လူငယ်တွေလည်း ပါတာတွေ့ရတယ်လေ၊ နောက်ပြီးထူးခြားတာက ဂျာနယ်၊မဂ္ဂဇင်းတွေက မီဒီယာပိုင်းမှာ ကျွမ်းကျွမ်းကျင်ကျင်နဲ့ လုပ်ဆောင်နေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ပါဝင်လာကြတာတွေ့ရလို့ စာပေလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့၊ စာပေလောကသားတို့ရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံနဲ့လူမျိုးအကျိုးအတွက် အမျိုးသားရေးဘက်က ခိုင်ခိုင်မာမာရပ်တည်ပြီး အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ဖို့အတွက် အရင်ကထက် ပိုမိုပြီး ထိထိရောက်ရောက် စွမ်းစွမ်းတမံလုပ်ဆောင်နိုင်ကြတော့မှာဖြစ်တယ်လို့မြင်တယ်"

"အေးလေ၊ ခေတ်နဲ့အညီ တိုးတက်ဖြစ်ထွန်းလာအောင် သမားရိုးကျဆောင်ရွက်နေကျ လမ်းကြောင်းကနေ ပိုမိုထိရောက်အောင်မြင်တဲ့ နည်းလမ်းတွေနဲ့ လက်တွေ့ကျကျ သုံးသပ်ဆောင်ရွက်ကြမယ်၊ စည်းစည်းလုံးလုံးနဲ့ အကောင်အထည်ဖော်ကြမယ်ဆိုရင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးရဲ့ ဦးဆောင်မှုအောက်မှာ စာပေလောကသားအားလုံး ပါဝင်လာကြမှာမလွဲဘူး။ အဲဒါမှလည်း ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို အပြောမဟုတ်၊ လက်တွေ့ကျကျ အကောင်အထည်ဖော်လာနိုင်မှာ မဟုတ်လား"

"ဟုတ်တယ်။ အမှုဆောင်အဖွဲ့သစ်က တက်တက်ကြွကြွ ထက်ထက်မြက်မြက် သွက်သွက်လက်လက်နဲ့ အားသစ်လောင်း လှုပ်ရှားအကောင်အထည်ဖော်ကြမယ်၊ မိမိတို့ရဲ့ လုပ်ဆောင်မှုတွေအပေါ် အမြဲပဲအပြုသဘောနဲ့ သုံးသပ်ဝေဖန် ဆန်းစစ်လုပ်ဆောင်ကြမယ်ဆိုရင် နိုင်ငံအတွက်ရော၊ စာပေလောကသားအားလုံးအတွက်ပါ အမှန်အားကိုးစရာ အဖွဲ့ကြီးအဖြစ်ရောက်ရှိလာမှာပါ"

"ငါ့အမြင်ကတော့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံမှာ အတည်ပြုဆုံးဖြတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို လက်တွေ့ကျကျ လုပ်ဆောင်ကြဖို့ လိုမယ်ထင်တယ်"

"မှန်တာပေါ့၊ စာပေါ်မှာတင် နှုတ်နဲ့ပြောနေရုံတင် မဟုတ်ဘဲ လက်တွေ့ကျကျ အကောင်အထည် ဖော်သွားကြမှာပါ။ ဘာလို့လဲဆိုတော့ ဝါသနာ၊ စေတနာနဲ့ နိုင်ငံ့တာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်နဲ့ စာပေလောကသားတို့ရဲ့ အကျိုးအတွက် လုပ်ကြမယ်ဆိုပြီး ကိုယ်တိုင်ဆန္ဒပြုထားသူများ ဖြစ်တာမို့ လက်တွေ့လုပ်ပြကြမှာပါလို့ မြင်ပါတယ်"

"မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က နိုင်ငံအတွက် အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်ဖြစ်ပေါ်နေတယ်၊ စာပေလောကသားများအားလုံးကိုလည်း ကိုယ်စားပြုထားပြီး စာပေလောကကြီးတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်စေဖို့၊ စာပေလောကသားများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ကို ဦးဆောင်ဦးရွက်ပြုနေကြတဲ့အဖွဲ့ကြီးဖြစ်တာမို့ အဲဒီမှာ တာဝန်ယူထားကြတဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အနေနဲ့ ကြီးလေးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြသူတွေဖြစ်တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ကိုယ်အားဉာဏ်အားရှိသမျှ၊ စွမ်းအားရှိသမျှနဲ့ အစွမ်းကုန် တကယ်လုပ်ပြကြမယ်လို့ ယုံကြည်ပါတယ်"

"နိုင်ငံအတွက် စာပေအဖွဲ့ကြီးလိုပဲ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး အမျိုးသမီးထုရဲ့ အကျိုးစီးပွားအတွက် ဦးဆောင်ဦးရွက်ပြုနေတဲ့ နိုင်ငံတော်ရဲ့ အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေတာကိုလည်း တွေ့ရတယ်"

"ပြီးခဲ့တဲ့ ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ရန်ကုန်မြို့နဲ့ ပြည်နယ်နဲ့ တိုင်း မြို့ကြီးတွေမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားတာကိုလည်း တွေ့လိုက်ရတယ်"

"အေးလေ၊ မြန်မာအမျိုးသမီးများကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်က မြန်မာအမျိုးသမီးများနေ့အဖြစ် ဇူလိုင်လ ၃ရက်နေ့ကို သတ်မှတ်ပေးထားတယ်လေ"

"မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ဇနီး ဒေါ်သန်းသန်းနွဲ့ရဲ့ အမှာစကား ပြောကြားခဲ့မှုကို လေ့လာသုံးသပ်ကြည့်ရင် နိုင်ငံအတွက် အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး အမျိုးသားရေးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းအများအပြားကို လုပ်ဆောင်ခဲ့၊ လုပ်ဆောင်လျက်ရှိနေတာ တွေ့ရတယ်၊ **မြန်မာအမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့** ဆိုတဲ့ ဆောင်ပုဒ်အတိုင်းလည်း မြန်မာအမျိုးသမီးတို့ရဲ့ အကျိုးစီးပွားအတွက် စွမ်းစွမ်းတမံ၊ ထက်ထက်မြက်မြက်၊ သွက်သွက်လက်လက်နဲ့ ဦးဆောင်ဦးရွက်ပြုလို့ ဆောင်ရွက်ပေးနေတာတွေကို အားရစရာတွေ့ရတယ်"

"မြန်မာအမျိုးသမီးတွေရဲ့ သန့်စင်မွန်မြတ်ကောင်းမွန်တဲ့ အစဉ်အလာအတိုင်း တစ်ဖက်က အိမ်ထောင့်တာဝန်ကို ထိန်းသိမ်းရင်း တစ်ဖက်ကလည်းနိုင်ငံ့အကျိုး၊ အမျိုးသမီးတို့ရဲ့အကျိုးကို အခုလို ဆောင်ရွက်နိုင်တာ တွေ့ရလို့ ချီးမွမ်းစရာပါပဲ"

"အသင်းဝင် မြန်မာအမျိုးသမီးဦးရေက ၂ဒသမ ၆သန်းကျော်တောင် ရှိနေတာဖြစ်လို့ အမျိုးသားရေးကို အခြေခံဖွဲ့စည်းထားတဲ့ NGO အဖွဲ့တွေထဲမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းပြီးရင် ဒုတိယအင်အားအကြီးမားဆုံးအဖွဲ့ကြီးအဖြစ် ရပ်တည်နေတာတွေ့ရသလို နိုင်ငံအတွက်၊ အမျိုးသမီးများအတွက် ဆောင်ရွက်နိုင်စွမ်းကလည်း အလွန်ကြီးမားကျယ်ပြန့်များပြားတာကို တွေ့ရလို့ ဒို့မြန်မာအမျိုးသမီးများအတွက် အားရဂုဏ်ယူစရာပါပဲ"

"အေး–မပြောမဖြစ်လို့ ပြောရဦးမယ်။ ဟိုအမျိုးသမီးရဲ့မွေးနေ့ကို အဲဒီပါတီကနေပြီး မြန်မာအမျိုးသမီးများနေ့လို့ သတ်မှတ်ကျင်းပနေတာ ပြည်ပအသံလွှင့်ဌာနတွေက လွှင့်သွားတာ ကြားလိုက်ရတယ်"

"ဟုတ်ပ၊ မဆီမဆိုင်၊ ဘာမှလည်းမဆိုင်၊ ဘယ်လိုမှလည်းမထိုက်တန်တဲ့ သူမရဲ့မွေးနေ့ကိုများ မြန်မာအမျိုးသမီးများနေ့ရယ်လို့ သတ်မှတ်လုပ်ဆောင်နေတာ ဘယ်လိုအမြင်အတွေးများ ပေါက်နေသလဲ မသိပါဘူးကွာ၊ တော်တော်စိတ်ပျက်ဖို့ကောင်းပါ့"

"နိုင်ငံခြားသားကိုယူ၊ နိုင်ငံခြားမှာပဲ ဆယ်စုနှစ်ပေါင်းများစွာနေ၊ အဲဒီနိုင်ငံရဲ့နိုင်ငံသားအဖြစ်ကိုလည်းခံယူထားတဲ့သူကိုမှ ရွှေဉာဏ်တော်စူးရောက်ပြီး ဂုဏ်ပြုရတယ်လို့၊ သူတို့မှာအရှက်တရားဆိုတာများ မရှိတော့ဘူးလားမသိဘူး"

"အခုထက်ထိလည်း နိုင်ငံအတွက် ကောင်းကျိုးတစ်ခုတလေတောင် မပြုခဲ့ဖူးတဲ့သူ၊ ကောင်းကျိုးမပြုရင်ထား ဆိုးကျိုးမပေးရင် တော်သေးရဲ့၊ အခုတော့ကွာ တစ်ဖက်က ဒီမိုကရေစီကိုဗန်းပြ အသံကောင်းဟစ်၊ တစ်ဖက်ကပြည်ပဆရာကြီးတွေအတွက် ပုဆိန်ရိုးလုပ်ပေးပြီး ဆုကြေးငွေဒေါ်လာတွေ အဆမတန်ရနေတာတွေ၊ ပိတ်လေးပိတ်နဲ့ နိုင်ငံကို ပိတ်ဆို့စေပြီး နိုင်ငံမဖွံ့ဖြိုးအောင်၊ ပြည်သူတွေ ဘေးဒုက္ခမရောက်ရောက်အောင် လုပ်နေတာတွေ၊ ရုပ်သေးအဖြစ် ဖြတ်လမ်းက အာဏာရအောင် ပြည်ပသြဇာခံပြီး လုပ်နေတာတွေ အထင်အရှားတွေ့နေလျက်နဲ့ သူမကိုများဂုဏ်ပြုရသတဲ့"

"သူမရဲ့တောင်းဆိုချက်အရ သူမအာဏာရဖို့အတွက် ပြည်ပဆရာကြီးက မြန်မာနိုင်ငံအပေါ် ပိတ်လေးပိတ်နဲ့ဆောင်ရွက်နေတာမို့ အထည်ချုပ်စက်ရုံတွေ အများအပြားပိတ်လိုက်ရတာ၊ စက်ရုံအလုပ်သမတွေဖြစ်တဲ့ အမျိုးသမီးတွေသောင်းပေါင်းများစွာအလုပ်လက်မဲ့ ဖြစ်ခဲ့ကြရလို့ ဘဝပျက်ခဲ့ရတာတွေ အထင်အရှားပါပဲကွာ၊ အမျိုးသမီးဘဝတွေကို ဖျက်ဆီးခဲ့သူကိုမှ သူမရဲ့မွေးနေ့ကို အမျိုးသမီးများနေ့လို့ သတ်မှတ်တာ ရူးသွပ်လွန်းအားကြီးပါတယ်"

စာမျက်နှာ ၇ ကော်လံ ၁သို့ ❀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကုန် တောင်ပိုင်းခရိုင် ခရိုင်အဆင့် မျိုးစေ့ချက်ကိုရိယာဖြင့် စပါးအတန်းလိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲတွင် ပထမရရှိသည့် အသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ရေတော်မိုးတော်မိုးစပါး ကွင်းပိတ်ပွဲနှင့် ခရိုင်အဆင့် စပါးအတန်းလိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ရေတော်မိုးတော် မိုးစပါး ကွင်းပိတ်ပွဲနှင့်ခရိုင်အဆင့် မျိုးစေ့ချကိရိယာဖြင့် စပါးအတန်းလိုက် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာအနီးရှိ တောင်သူဦးစိုးမင်း၏ လယ်မြေ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် အဓိကသီးနှံ(၁၀)မျိုးကို ပန်းတိုင်အထွက်နှုန်းများရရှိအောင် နည်းလမ်း(၄)သွယ်နှင့်အညီ စိုက်ပျိုးကြရန်၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် ခြစ်ဆည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် သီးနှံ စိုက်ဧကများနှင့် ပန်းတိုင် အထွက်နှုန်းများ ပြည့်မီအောင် အားသွန်ခွန်စိုက်ကြိုးပမ်းစိုက်ပျိုးကြရန်ပြော ကြားသည်။

ထို့နောက် အမှတ်ပေးဒိုင်ချုပ် ခရိုင်မြေစာရင်းဦးစီးမှူး ဦးမျိုးဦးက ပြိုင်ပွဲစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့်ဧည့်ပရိသတ်များသည် ခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ကိုးသင်း၏ စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲယှဉ်ပြိုင်နေမှုနှင့် စပါးခင်းများအတွင်း စပါးနှင့်ဘဲ တွဲဖက်မွေးမြူထားရှိမှု တို့ကိုကြည့်ရှုကြသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ရွှေဝါ၊ တီလားပီးယားနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ကျော်ကို စပါးစိုက်ခင်းများအတွင်း မျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် အခမ်းအနား၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသည့် ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်သည့်နည်းစနစ် လက်တွေ့သရုပ်ပြသမှု၊ ခြင်းဖြင့် ချင်းစိုက်ပျိုးပြသထားမှု၊ ခရိုင်အတွင်း ခြင်းဖြင့်ချင်းစိုက်ပျိုးမှု၊ ခြစ်ဆည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုနှင့်ဒိုချက်ကင်း သဘာဝ မြေဩဇာ ပြုလုပ်သုံးစွဲမှု မှတ်တမ်းဓာတ်ပုံများနှင့် ခြစ်ဆည်းရိုးကြက်ဆူပင်များနှင့် မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ခရိုင်အဆင့် စပါးတန်းအလိုက် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် အသင်းများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပြိုင်ပွဲဝင် အသင်းများအား ထပ်ဆင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် အနေဖြင့် ယခုနှစ်အတွင်း မိုးစပါး ၇၉၆၆၁၃ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ ၇၇၈၄၀၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ တစ်မိုးနှစ်သီးစပါးဧက ၃၀၀၀၀စိုက်ပျိုးရန်လျာထားခဲ့ရာ ဧက ၅၀၀၀ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ရေတော်မိုးတော် မိုးစပါး ၆၁၇၅၇၅ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၂၂ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် သန္တိသုခ သာသနာ့ဗိမာန်တော်ကြီး ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ FISCA Enterprisesအုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဝိတ်က အလှူငွေ ကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အင်တာနက်သတင်း

သွေးကင်ဆာရောဂါကုဆေးဝါးတစ်မျိုး နှလုံးကိုထိခိုက်နိုင်ကြောင်း လေ့လာတွေ့ရှိ

ဝါရှင်တန် ဇူလိုင် ၂၅

လူကီးမီးယားခေါ် သွေးကင်ဆာရောဂါကို ကုသရာ၌သုံးစွဲသော ဂလီဗက် (Gleevbc)ဆေးဝါးသည် သောက်သုံးသူ၏နှလုံးကို ထိခိုက်စေနိုင်သည်ကို သုတေသနပြုဖော်ထုတ်တွေ့ရှိရကြောင်း ပညာရှင်များက ဇူလိုင် ၂၃ရက်တွင် တင်ပြသည်။

သွေးကင်ဆာကုသရာ၌သုံးသော ဂလီဗက်ဆေးဝါးသည် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ဒိုဗာတစ်ကုမ္ပဏီက ထုတ်လုပ်သောဆေးဝါးဖြစ်သည်။ ထိုဆေးဝါး သုံးစွဲနေသူ လူနာ ၁၀ဦးတွင် နှလုံးထိခိုက်မှုရှိသည်ကို အထောက်အထားများ တွေ့ရသည်ဟုဆိုသည်။

ထိုလေ့လာချက်ကို ဘော့စတွန်မြို့ တက်ဖ်ဆေးတက္ကသိုလ်၊ ဖီလာဒယ်လ်ဖီးယားမြို့ ဂျက်ဖဆင်ဆေးကောလိပ်နှင့် တက္ကဆတ်တက္ကသိုလ်များမှ ပညာရှင်များက လေ့လာရာမှသိရှိရခြင်းဖြစ်သည်။

သွေးကင်ဆာရောဂါကိုကုသရာတွင်သုံးသော တိုင်ရိုဆင်းတီးနစ်ဆေးသည် ဂလီဗက်ခေါ် ဆေးဝါးနှင့် အမျိုးတူသောဆေးဝါးဖြစ်သည်။ သို့ဖြစ်၍ တိုင်ရိုင်ဆင်ကီနစ်ဆေးသည်လည်း နှလုံးကိုထိခိုက်နိုင်စရာ ရှိ၍ လေ့လာသင့်ကြောင်း သုတေသီများ၏တင်ပြချက်တွင်ဖော်ပြထားသည်။

ထိုတင်ပြချက်ကို ဩဂုတ်လထုတ် သဘာဝ ဆေးပညာဂျာနယ်တွင် ရေးသားထားသည်။ ဂလီဗက် ဆေးဝါးသည် အန္တရာယ်ရှိနိုင်သည်မှန်သော်လည်း သွေးကင်ဆာရောဂါကို ကုသရာ၌ ထိရောက်မှုရှိသော ဆေးဝါးဖြစ်သည့်အတွက် ယင်းရောဂါဝေဒနာရှင်များအတွက် ဆက်လက်သုံးစွဲသင့်ကြောင်း သုတေသီအဖွဲ့ခေါင်းဆောင် သောမတ်ပို့စ်က မှတ်ချက်ပြုထားသည်။

အင်တာနက်။

သွေးကင်ဆာရောဂါ ကုသရာ၌ သုံးစွဲသော ဂလီဗက် ဆေးဝါး။



❀ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

"ဆုကြေးဒေါ်လာတွေနဲ့ ကြိုးတုပ်ခံထားရတော့ လွတ်ထွက်အောင်လည်း မရုန်းထွက်နိုင်၊ ရုန်းထွက်လိုတဲ့ဆန္ဒလည်းမရှိသေးဘဲ အတုအယောင် ချီးမွမ်းထောမနာပြုနေမှုအပေါ် သာယာနေလေတော့ ဒို့နိုင်ငံအတွက် တော်တော်လေးကို ရင်လေးစရာပဲဟ"

"အေးလေ၊ အခုတော့ သူ့ပါတီဝင်တွေကအစ အမြင်မှန်၊ အသိမှန်တွေ ဖြစ်လာကြပြီမို့ ဘာတစ်ခုမှ နိုင်ငံနဲ့လူမျိုးအတွက် ကောင်းကျိုးမပြုခဲ့ သေးတဲ့ အပြင် ဆိုးကျိုးတွေကိုသာ တစ်မျိုးပြီးတစ်မျိုးပေးနေတဲ့ ပြည်ပ သြဇာခံ သူ့ပါတီကနေ နုတ်ထွက်နေကြတာ မင်းတို့ငါတို့အားလုံး အမြင်ပဲ မဟုတ်လား"

"ဒို့သိနေတာက သတင်းစာမှာ နေ့စဉ်လိုလိုပါနေတဲ့ ပါတီက နုတ်ထွက်တဲ့ သတင်းဖော်ပြချက် အရေအတွက်လောက်ပဲ သိတာ၊ အခု ပြည်နယ်နဲ့တိုင်းမြို့ကြီးတိုင်းမှာ ဇူလိုင် ၃ရက်မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပတော့မှ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌရဲ့ အမှာစကားထဲမှာ မန္တလေးတိုင်းက NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး၊ မြို့နယ်စည်းရုံးရေးကော်မတီဝင် ၃၂၇ ဦး၊ ပါတီဝင် ၅၅၉၈၂ ဦးတို့ NLD ပါတီဝင်အဖြစ်ကနေ နုတ်ထွက်ခဲ့ကြပြီး ဖြစ်တယ်လို့ အတိအကျကိုပါတာတွေ့ရတယ်"

"NLD ပြောရေးဆိုခွင့်ရှိသူတွေက NLD ပါတီဝင်တွေနုတ်ထွက်ရတာ အစိုးရက ဖိအားပေးလို့နုတ်ထွက်ရတယ်လို့ဆိုတယ်။ အဲဒီလောက်အင်အားအများအပြား နုတ်ထွက်ခဲ့တာကိုများ သူတို့မို့ မဟုတ်မဟပ် ပြောရဲသေးတယ်နော်"

"အေးကွာ၊ အမြင်မှန်တော့ရသင့်ကြပါပြီ၊ သူတို့ကြောင့် နိုင်ငံတော်ကြီးလည်း နစ်နာလှပါပြီ။ ပုဂ္ဂိုလ်ရေးအကျိုး၊ ပါတီအကျိုး၊ အဖွဲ့အစည်းအကျိုးထက် နိုင်ငံတော်နဲ့ ပြည်သူတွေအားလုံးအကျိုးကို အမြန်ဆုံး ပြန်လည်ရှေးရှုလုပ်ဆောင်သင့်ပါပြီ"

ထိုသို့ စကားဝိုင်းဖွဲ့၍ ကောင်းနေစဉ် အချိန်လင့်လာပြီမို့ စကားဝိုင်းကိုရပ်ဆိုင်းခဲ့ပြီး အိမ်ပြန်ခဲ့ကြသည်။ အိမ်အပြန်လမ်းတစ်လျှောက် မြန်မာနိုင်ငံအတွက် ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို တွေးတောလာခဲ့ရာမှ အမျိုးသားရေးအမြင်ဖြင့် လူတိုင်းလူတိုင်း အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်ကြမည်ဆိုပါက မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အမြန်ဆုံးရောက်ရှိလာနိုင်မည်ကို မြင်ယောင်နေမိပါသည်။ ထို့အတူ နိုင်ငံတော်အပေါ် ဆန့်ကျင်နေသူများအားလုံး မိမိတို့ကိုယ်ကျိုး၊ မိမိတို့ပါတီနှင့်အဖွဲ့အစည်းများ၏အကျိုးထက် နိုင်ငံနှင့် ပြည်သူအားလုံးတို့၏ အကျိုးကိုသာ မှန်မှန်ကန်ကန် ရှုမြင်ဆောင်ရွက် နိုင်ကြပါစေဟု ဆန္ဒပြုနေမိပါတော့သည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၉း၂၅	မိုးလေဝသခန့်မှန်းချက်
၇း၀၅	ဗုဒ္ဓသာသနာပြု ပြင်သစ်ဆရာတော်ကြီးအား ဂါရဝပြုတွေ့ဆုံပွဲ	၉း၃၀	ဆုရအက
၇း၂၅	တေးဂီတအစီအစဉ်	၉း၃၅	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း	၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)	၉း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၇း၅၅	တေးဂီတအစီအစဉ်	၁၀း၁၀	တေးဂီတအစီအစဉ်
၈း၀၀	ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာနအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခဒေါက်တာခင်မျိုးလှ)	၁၀း၁၅	မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (စပါးစိုက်ပျိုးရေး)
၈း၁၅	တေးဂီတအစီအစဉ်	၁၀း၂၅	တေးဂီတအစီအစဉ်
၈း၂၀	မြန်မာ့ရိုးရာပန်းအစည်းအရုံး၏ ရွှေကျင်မြို့ အလှပန်းချီ	၁၀း၃၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (စင်ရော်မောင်မောင်)
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	စန္ဒရားညတစ်ည(အပိုင်း-၁)	၁၁း၁၅	တေးဂီတအစီအစဉ်
၉း၀၀	တေးဂီတအစီအစဉ်	၁၁း၂၀	Myanmar Video Rhythm
၉း၀၅	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ	၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။



ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ သပြေကုန်းရပ်ကွက် အသင်းခွဲ၏ ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ရက်က ရပ်ကွက်ရုံးတွင် ပြုလုပ်ရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန် သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (၃၂)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

❖ **ပဲခူးတိုင်းအတွင်းမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်ရင်း စုပေါင်းခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နယ်မြေဒေသ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲ၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ မိသားစု ဝင်ငွေတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးကိစ္စများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ညောင်လေးပင်မြို့ရှိ သီရိရတနာခန်းမ၌ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိမ်းဌေးက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းများ အောင်မြင်လာသည်နှင့်အမျှ နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုရရှိလာသည်ကို လက်တွေ့သိမြင် ခံစားနေကြရပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ အေးချမ်းတည်ငြိမ်မှုရရှိရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေး တို့အတွက် အောက်ခြေအထိ ကွင်းဆင်းပြီး ပိုမိုကြိုးပမ်းအားထုတ်ကြရန် လိုကြောင်း၊ ပဲခူးတိုင်းအတွင်း ယခုနှစ်တွင် မိုးစပါးဧကသိန်း ၃၀ ပြည့်မီအောင် စိုက်ပျိုးကြရန် ကြိုးပမ်းလျက်ရှိရာ ညောင်လေးပင်မြို့နယ်အနေဖြင့်လည်း လျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ထို့အတူ အဓိကသီးနှံ ၁၀မျိုးအနက် ဒေသနှင့်ကိုက်ညီသည့် သီးနှံများ၊ ငရုတ်ကောင်းနှင့် ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူသုံးစွဲနိုင်သည့် ကြက်ဆူပင်များကိုလည်း တစ်ပိုင်တစ်နိုင်မှသည် တစ်အုပ်တစ်မအထိ စိုက်ပျိုးကြရန်လိုအပ်ကြောင်း၊ မွေးမြူရေးအနေဖြင့် ဒေသကြက်နှင့် ဘဲကို အိမ်တိုင်းမွေးမြူ၍ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်မွေးမြူကြရန် လိုအပ်ကြောင်း၊ မြို့ကိုလည်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညောင်လေးပင်မြို့နယ်၌ မိုးစပါး ၁၃၂၂၆၆ဧက စိုက်ပျိုးရန် လျာထားရာ ၁၁၂၄၄၄ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအနီးရှိ ချဉ်ပေါင်ပျော့ဖတ်စက်ရုံ စီမံကိန်းသို့ရောက်ရှိကြပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း စီမံကိန်းဒါရိုက်တာ ဦးတင့်ဆွေက စက်ရုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်မှုနည်းစနစ်များ၊ စက်တပ်ဆင်မှုနှင့် ကုန်ကြမ်းရယူနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါစက်ရုံကို Sky Moon Singapore Pte. Ltd.နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး စက်အားလုံးကို ဩဂုတ်လတွင် အပြီးတပ်ဆင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်တပ်ဆင်ပြီးစီးပြီး စွမ်းအားပြည့်လည်ပတ်နိုင်ပါက တစ်နေ့လျှင် ပျော့ဖတ် မက်ထရစ်တန် ၁၅တန်၊ တစ်နှစ်လျှင် တန် ၅၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း ကြေညာ

ရန်ကုန် ဇူလိုင် ၂၇

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့်(၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့်(၅) အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေစီးနှုန်း တိုးလာသဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၁ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃) နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအေးရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ မဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး) ဘွဲ့လွန်သင်တန်းသူ ခုနစ်ဦးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ဘွဲ့လွန်သင်တန်းသူများ လာရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၂၇

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ တာဝန်ခံဆရာများ ဦးဆောင်သော မဟာသိပ္ပံ(ပြည်သူ့ကျန်းမာရေး) ဘွဲ့လွန်သင်တန်းသူ ခုနစ်ဦးသည် ယမန်နေ့ နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ လာရောက်လေ့လာသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦးက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

လေ့လာကြည့်ရှု

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များ၏ မေးမြန်းမှုများကို အသင်းတွဲဖက်အတွင်းရေးမှူး(၁)နှင့် ဗဟိုအလုပ်အမှုဆောင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဆရာများနှင့် ဘွဲ့လွန်သင်တန်းသူ များသည် ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်း ကြီးကြပ်ရေးအဖွဲ့ အသီးသီးက တင်သွင်းခဲ့သော သုတေသနစာတမ်းများကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံအတွင်းရှိ လှုပ်ရှားမှုဓာတ်ပုံများအား လှည့်လည်ကြည့်ရှုလေ့လာကြကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ ဆက်လက်လေ့လာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၇-၇-၂၀၀၆)

အမ်း
၆ ဒသမ ၉၃ လက်မ
ကျောက်ဖြူ
၆ ဒသမ ၃၈ လက်မ
မောင်တော
၆ ဒသမ ၁၈ လက်မ
သံတွဲ
၅ ဒသမ ၉၁ လက်မ
ရေး
၄ ဒသမ ၆၁ လက်မ
မိုးကုတ်
၄ ဒသမ ၄၅ လက်မ
စစ်တွေ
၄ ဒသမ ၁၀ လက်မ၊
ထားဝယ်
၃ ဒသမ ၂၇ လက်မ
ပခုက္ကူ
၃ ဒသမ ၁၉ လက်မ
ကန့်ဘလူ
၁ ဒသမ ၇၄ လက်မ

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ဆောင် ပြည်သူများ ပူးပေါင်းပါဝင်မှုမြင့်မားလာသည်နှင့်အမျှ ဒေသပိုမိုတိုးတက်မည် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဖွံ့ဖြိုးရေးကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၁ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ခေါဇာမြို့သို့ ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ ဆင်ကူး၊ တိုးတက်၊ ရင်းရဲ၊ ရင်းတိန်၊ ကဗျာကြီးနှင့် ရွှေဟသာ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်နေမှုနှင့် လမ်းဘေးဝဲ/ယာဖြစ်ထွန်းလျက်ရှိသော စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ခေါဇာမြို့သို့ ရောက်ရှိကြပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံဝင်းအတွင်းရှိ စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး အထွေထွေ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခေါဇာမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး ရာဇဓိရာဇ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ကြရာတွင် အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဝင်ငွေတိုးသီးနှံများကိုလည်း ပိုမိုစိုက်ပျိုးကြရမည်ဖြစ်ပြီး မွန်ပြည်နယ်ကို ငရုတ်ကောင်းပြည်နယ်ဖြစ်ရေး ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခေါဇာမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လမ်းပန်းဆက်သွယ်ရေး ယခုထက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသကဲ့သို့ ကျေးရွာများအတွက်လည်း ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများစုပေါင်းပါဝင်မှု မြင့်မားလာသည်နှင့်အမျှ နယ်မြေဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သည့် အသိပညာဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများ အနေဖြင့် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇာမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာစောလင်းနောင်စိုးနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇာမြို့ ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇာမြို့ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး သက်တော်(၈၂)နှစ်ရှိ ဆရာတော် ဘဒ္ဒန္တဝံသဒီပ၏ ကျန်းမာရေးအခြေအနေနှင့် သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ခေါဇာမြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စစ်သည်မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရေးမြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ခေါဇာမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူငယ်လူရွယ်များ၌ HIV/AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Liu Sing ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဇူလိုင် ၂၃ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ရောက်ရှိနေစဉ် ဇူလိုင် ၂၃ရက် ညနေ ၄နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် နီကိုးကန်တော်ကြီးဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြပြီး ညပိုင်းတွင် အဆိုပါကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က နီကိုးကန်တော်ကြီးဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယဝန်ကြီး ဦးကျော်သူအား မြန်မာနိုင်ငံသို့ အလုပ်သဘောအလည်အပတ်ရောက်ရှိနေသည့် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံပြီးနောက် ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်၍ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ ဆက်လက်ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ လိုက်ပါလာသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်သူက ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ကုမုဒြာဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၅ရက် နံနက် ၉နာရီတွင် နေပြည်တော်၌ တွေ့ဆုံသည်။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်၌ တွေ့ဆုံသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ယူနန်ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ မန္တလေးမြို့သို့ ထွက်ခွာသွားကြသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးသည် ဇူလိုင် ၂၆ရက်တွင် မြစ်ကြီးနားမြို့ရှိ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ သွားရောက်၍ တွေ့ဆုံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးနှင့် မြစ်ကြီးနားမြို့များသို့ သွားရောက်လည်ပတ်ခဲ့ကြပြီး ဇူလိုင် ၂၇ရက်တွင် မြစ်ကြီးနားမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၇–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ မင်းလှရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရူက္ခဗေဒအထူးပြုများ) (ရူက္ခဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၄၅ ၈။ **“တန်ဖိုး” (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) [ဒါရိုက်တာ–သက်တင်]**
၅:၅၀ ၉။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်လိပ်ပြာလေး တဝဲလည်လည်” (အပိုင်း–၁၀)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာသံစဉ်”(အပိုင်း–၆)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

လူငယ်လူရွယ်များ၌ HIV/AIDS ရောဂါ ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော လူငယ်လူရွယ်များ၌ HIV/AIDS ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ ဖလှယ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဂရင်းပလာဇာ ပတ်ရှိုင်ရယ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နီးနွယ်သော ဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ အလုပ်ရုံ ဆွေးနွေးပွဲကို ဇူလိုင် ၂၈ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

လှိုင်းချောင်းရေလှောင်တမံနှင့် မြောက်ယမားရေကူတမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ- သောင်းဝင်းဗိုလ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး နိုင်ငံ၏ လူဦးရေအများစု (၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်သဖြင့် နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေးနှင့် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးတို့ကို ရည်ရွယ်လျက် အချိန်တို အတွင်း ပြီးစီးနိုင်မည့် အသေးစား၊ အလတ်စား ဆည်မြောင်းတာတမံ စီမံကိန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ပေးနေသည်။

ချင်းတွင်းမြစ်၏ အနောက်ဘက်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်များတွင်လည်း ရေလှောင်တမံ စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။ ပုလဲမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်း စေရေးအတွက် လှိုင်းချောင်းရေလှောင်တမံစီမံကိန်းနှင့် မြောက်ယမားရေကူရေလှောင်တမံစီမံကိန်းများကို တည်ဆောက်နေသည်။

လှိုင်းချောင်း ရေလှောင်တမံစီမံကိန်းသည် လယ်မြေ ဧက ၁၀၀၀ခန့်ကို ဆည်ရေပေးဝေနိုင်မည် ဖြစ်ပြီး မြောက်ယမားရေကူရေလှောင်တမံစီမံကိန်းက လယ်မြေ ဧက ၁၂၀၀၀ကို ဆည်ရေများပေးဝေမည်ဖြစ်သည်။

လှိုင်းချောင်း ရေလှောင်တမံစီမံကိန်းကို စစ်ကိုင်း တိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ချင်ပျစ်ကျင်းမြောက်ရွာ နွယ်အင်းကျေးရွာအနီးတွင် ၂၀၀၅-၂၀၀၆ ခုနှစ်က စတင်တည် ဆောက်ခဲ့သည်။ လှိုင်းချောင်း ရေလှောင် တမံသည် တမံအမြင့် ၇၃ပေ၊ တမံအလျား ပေ ၄၁၆၀ ရှိသည့် မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက် လျက်ရှိသည်။ ရေဆင်း ဧရိယာမှာ ၁၅ စတုရန်းမိုင်ကျယ် သည်။ ရေပိုလွှဲကို သံကူကွန်ကရစ်ဖြင့် တည်ဆောက် ထားသည်။

တမံတည်ဆောက်ခြင်းတွင် သပ်ကျင်းတူးဖော်ခြင်းမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။ အောက်ခြေရှင်းလင်း ခြင်းမှာလည်း ၇၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး တမံမြေ ဖို့ခြင်း၊ ကျောက်စီခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲ ဖြစ်သည်။

ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက် ခြင်းတွင် မြေကြီးလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပြီး ကွန်ကရစ်လုပ်ငန်းများမှာ ပြီးစီးလုပြီဖြစ်သည်။

မြောက်ယမား ရေလှောင်တမံ၏ အထက်ဘက် ခြောက်မိုင်အကွာ မြောက်ယမားချောင်းပေါ်တွင် မြောက် ယမား ရေကူရေလှောင်တမံ စီမံကိန်းကို ထပ်မံ အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ဒေသခံ ပြည်သူများ၊ တောင်သူလယ်သမားများ အကျိုး ကျေးဇူး ဖြစ်ထွန်းမည့် မြောက်ယမား ရေကူရေလှောင်တမံ စီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်ပြီး ၂၀၀၆- ၂၀၀၇ ခုနှစ်တွင် အပြီးတည်ဆောက်နိုင်ရန် ကြိုးပမ်း

မြောက်ယမား ရေကူရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

ဆောင်ရွက်လျက်ရှိသည်။ မြောက်ယမား ရေကူ ရေလှောင်တမံ စီမံကိန်းသည် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် အိုင်းမကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်အကွာတွင် တည်ရှိသည်။

ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၂၂၉၀၀ ရှိပြီး ကန်ရေလှောင်ပမာဏမှာ ဧကပေ ၂၁၂၄၀ ရှိ သည်။ ကန်ရေပြည့် ဧရိယာအကျယ်မှာ ၃၉၉၃ ဧကရှိပြီး ရေဆင်းဧရိယာမှာ ၁၆၈ စတုရန်းမိုင် ကျယ်ဝန်းသော မြေသားတမံ အမျိုးအစားဖြစ်သည်။ မြောက်ယမား ရေလှောင်တမံ စီမံကိန်းကို ၁၉၉၈ ခုနှစ်တွင် တည်ဆောက်အကောင်အထည်ဖော် ဆောက်လုပ် ပြီးဖြစ်ရာ နှစ်စဉ်ရေစီးဝင်မှုမှာ ဧကပေ တစ်သိန်း သုံးသောင်းခန့်ရှိသဖြင့် နှစ်စဉ် ရေပိုလွှဲနှင့် ရေပိုလွှဲနှစ်ခု စလုံးမှာ မိုးရာသီတွင် ရေလျှံလျက်ရှိပြီး ရေဆုံးရှုံး မှုများ ဖြစ်နေသည်။ ထို့ကြောင့် မြောက်ယမား ရေလှောင်တမံ၏ အထက် ခြောက်မိုင်ခန့်အကွာတွင် မြောက်ယမား ရေကူရေလှောင်တမံကို ထပ်မံ တည် ဆောက်ရခြင်းဖြစ်သည်။

အဆိုပါ ရေကူရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် မြောက်ယမားရေလှောင်တမံမှ ပိုလျှံ သည့် ရေဧကပေ ၉၃၃၀၀ ခန့်ကို ထပ်မံထိန်းသိမ်းနိုင်မည်ဖြစ်ပြီး လက်ရှိ မြောက်ယမား ရေသောက်ဧက ၁၂၀၀၀ ကို ရာသီ မရွေး ရေပေးဝေ နိုင်တော့မည်ဖြစ်သည်။ ယခင်က မိုးရေကိုသာ မျှော်ကိုးပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြရသည့် ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်း စေတော့မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်းရှိပုလဲမြို့နယ်သည် မြောက် ယမား ရေလှောင်တမံ တည်ဆောက်ပေးမှုကြောင့် သီးထပ် သီးညှပ်များ ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ သီးနှံ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာခြင်း၊ တောင်သူလယ်သမားများ တစ်ဦးချင်းဝင်ငွေ တိုးတက်လာခြင်း၊ သောက်သုံးရေပါ လုံလောက်စွာရရှိ အသုံးပြုနိုင်ခြင်း၊ ဒေသအတွင်း စိမ်းလန်းစိုပြည် လာခြင်း စသည့် အကျိုးကျေးဇူးများ လက်တွေ့ခံစား ကြရပြီဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်များပင် ဖြစ်ပါသည်။ ။

လှိုင်းချောင်း ရေလှောင်တမံ မြေသားလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

ဖခင်ကြီး ဦးဘဟုန်နှင့် မိခင်ကြီး ဒေါ်သိန်းမြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၁ လမ်းနေ သားသမီးတစ်စုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ် လေးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။
(က-ပ)

အင်အားပြင်းသည့် မြေငလျင်လှုပ်ရှား

ရန်ကုန် ဇူလိုင် ၂၇

ဇူလိုင် ၂၇ရက် ညနေ ၅နာရီ ၄၉မိနစ် ၂၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၀၅၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (နီးရာ့စ်ဒေသ အင်ဒိုနီးရှားနိုင်ငံ ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀အဆင့်ရှိ အင်အား ပြင်းထန်သည့် မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိ သည်။

(သတင်းစဉ်)

ဆက်ကပ်

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဂုဏာဝိသိဋ္ဌပူဇာသဘင်ကို ဇူလိုင် ၁၆ ရက်က ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ပိဋကတ်တိုက်ကျောင်းတွင် ကျင်းပရာ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုဏ္ဍာလာဘိဝံသ (ပိဋကတ်တိုက်ကျောင်း)နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဥဂ္ဂံသ (ဓမ္မဇေယျာကျောင်းတိုက်)တို့ ထံ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အမှုဆောင်များက ဂုဏ်ပြုလွှာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြစဉ်။
(က-ပ)

တာမွေမြို့နယ် တာမွေကလေး ရပ်ကွက် အမက(၂၃) ကျောင်းတွင် ဇူလိုင် ၂၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြသိန်း၊ ကျောင်းအုပ်ဆရာကြီး ဦးမြဦး၊ ရပ်ကွက်လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျောင်းသူ၊ ကျောင်းသားများ ခြင်ကျားကင်းစင်ရေး ဆောင်ရွက်ကြစဉ်။ (က-ပ)

✳ ရန်ကုန်တိုင်းမှ

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က စက်မှုဇုန်များ တည်ထောင်မှု၊ စက်မှုဇုန်များရှိ လုပ်ငန်းအမျိုးအစား၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်လျက်ရှိသော လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု၊ ဝန်ထမ်းအင်အားနှင့် ထုတ်လုပ်မှုတန်ဖိုး၊ မော်တော်ယာဉ် ထုတ်လုပ်မှုအခြေအနေ၊ စက်မှုဇုန်များ၏ စီမံကိန်း ရည်မှန်းချက်နှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်မှုအခြေအနေ၊ စက်မှုဇုန်များအလိုက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးအေးလွင်က စက်မှုဇုန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စက်မှုမြို့ရှိ Advance Seafood Industries Co. Ltd တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တာပတ်လမ်း

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပဲခူးမြစ်ကမ်း တာပတ်လမ်းတည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီး ခင်မောင်စိုးက လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှု၊ ဖြန့်ဖြူးပေးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ယခင်က လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးမှုနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များ အနေဖြင့် လာရောက်တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ လျှပ်စစ်ဓာတ်အားကို အချိန်ပြည့်ပေးနိုင်ပြီဖြစ်သဖြင့် စက်မှုဇုန်လုပ်ငန်းများ ပိုမိုလုပ်ဆောင်နေပြီဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

စက်မှုဇုန်များ၏ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုမှာ အားရကျေနပ်ဖွယ်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်းရှိ ဆူညံမှုရှိသော၊ အနံ့အသက်မကောင်းသော စက်မှုလက်မှုလုပ်ငန်းများကို စက်မှုဇုန်သို့ ဆက်လက်ပြောင်းရွှေ့ပေးသွားမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များကလည်း ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း မကြာမီက ကျင်းပခဲ့ပြီးဖြစ်ရာ ဆွေးနွေးပွဲမှရရှိသော ရလဒ်များကို အကောင်အထည်ဖော်ရန်၊ ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်ရေးအတွက် လိုအပ်သော စက်ကိရိယာများ ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များမှ ထွက်ရှိသော မော်တော်ယာဉ်များကိုလည်း အမှီအခိုကင်းကင်းဖြင့် ကိုယ့်အားကိုယ်ကိုး ထုတ်လုပ်သွားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ပေးနေ

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းသည် စီးပွားရေးကဏ္ဍအနေဖြင့် အဆင့်(၁)၌ ရှိနေကြောင်း၊ နောင်နှစ်များတွင်လည်း အဆင့်(၁)နေရာတွင်ရှိနေရန် ဆက်လက်ကြိုးပမ်းအားထုတ်သွားရမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် စီးပွားရေးကဏ္ဍတွင် ထိပ်ဆုံး၌ရှိအောင် စက်မှုဇုန်များက ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယခုအခါ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများမှသည် ဘက်စုံစက်မှုဖွံ့ဖြိုးရေးသို့ စတင်ကူးပြောင်းစပြုနေပြီဖြစ်ကြောင်း။

စတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် GDP အပေါ် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ခုတွင် ၁၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ ရာခိုင်နှုန်းအထိ အသီးသီး နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တတိယကာလကို ငါးနှစ် စီမံကိန်းကာလအတွင်း တည်ဆောက်ခဲ့သည့် လျှပ်စစ်ဓာတ်အား စီမံကိန်းများမှာလည်း ယခုနှစ်မှ စတင်၍ အသီးသီး ထွက်ရှိလာပြီး တစ်နှစ်ထက် တစ်နှစ် တိုးတက် ထုတ်လုပ်ပေးနိုင်တော့မည် ဖြစ်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် လိုကြောင်း။

ယခုအခါ အမှတ်(၂) သန်လျင်တံတားပြီးစီးပြီး သီလဝါ အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးလျှင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်မှာ ယခုထက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သံချက်ဝန်ဦးပြုလမ်းရှိ Advance Seafood Industries Co., Ltd. သို့ရောက်ရှိပြီး စက်ရုံအတွင်းရှိ ငါးအသားလွှာအကြမ်း၊ ငါးအသားလွှာအချောထုပ်ပိုးမှုလုပ်ငန်း၊ အအေးခန်းတွင် ပစ္စည်းများသိုလှောင်မှုနှင့် စက်ရုံမှ ထွက်ရှိသည့် ကုန်ချောပစ္စည်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဒေါ်အေးအေးသက်က လိုက်လံရှင်းလင်း ပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မင်းကြီးမဟာမင်းခေါင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာ့ကျွန်းသစ် စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (MTW) သို့ ရောက်ရှိကြပြီး ခေတ်မီစက်ကိရိယာများဖြင့် သစ်ထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဦးဖိုးလှိုင်လမ်းရှိ မြန်မာ မာကျူရီ အထည်ချုပ်စက်ရုံသို့ရောက်ရှိကြပြီး အထည်ချုပ်လုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ မန်နေဂျာ ဦးနေလင်းထွန်းက လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းပြသသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးဆောင်ရွက်ကြရန်၊ ရောင်းတမ်းဝင်ရုံမဟုတ်ဘဲ ဈေးကွက်ဝင် အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်ရောင်းချနိုင်ရေး ထုတ်လုပ်ကြရန်နှင့် စက်မှုဇုန်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်ရအောင် တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးသိန်းဝင်း (စက်ရုံစုမှူး သာပေါင်း ပျော့ဖတ်စက်ရုံ) ဒေါ်ကြည်ကြည်သော်၊ သမီး မချိုဇင်ဝင်း၊ တေးသံရှင် ခိုင်မြသာ၊ မနှင်းအိခိုင် မိသားစုက အလှူတော်ငွေ ကျပ် ၂၇၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် အမှုဆောင်ဆရာတော် ဦးနန္ဒိယထံ ဇူလိုင် ၁ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှမဝတိုက်နေ ကွယ်လွန်သူ ဦးအောင်လှ (၈)နှစ်မြောက်အား ရည်စူး၍ ဒေါ်ခင်သောင်းညွှန့် မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မုံရွာမြို့၌ ပစ္စည်းယူ၊ လူသတ်တရားခံအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၇

မုံရွာမြို့ ကွေ့ကြီးရပ်ကွက်၌ ဇူလိုင် ၈ရက်တွင် ပစ္စည်းယူ၊ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး တရားခံအား နှစ်နာရီအတွင်း စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ယင်းနေ့ မွန်းလွဲ ၂နာရီခွဲတွင် မုံရွာမြို့ ကွေ့ကြီးရပ်ကွက် နယ်မြေ(၂) ဗိုလ်ချုပ်လမ်းရှိ ဒေါ်တင်မေ၏ နေအိမ်အပေါ်ထပ်မှ သွေးစက်များ ကျနေကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ အကြောင်းကြားချက်အရ တာဝန်ရှိသူများက အခင်းဖြစ်နေအိမ်သို့ ချက်ချင်းသွားရောက်စစ်ဆေးရာ အိမ်အပေါ်ထပ်၌ ဒေါ်တင်မေသည် လည်ပင်းတွင် ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရသဖြင့် မုံရွာအမှတ်(၁)ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ ဒေါ်တင်မေမှာ တစ်ဦးတည်းနေထိုင်သူဖြစ်ကြောင်း၊ ၎င်းထံတွင် မုံရွာမြို့ ကွေ့ကြီးရပ်၊ ရာပြည့်လမ်းနေ မမိုးခိုင်(ခ)မိုးမိုးခိုင်(၂၇)နှစ် (ဘ)ဦးအောင်ကြည်အား အိမ်ဖော်အဖြစ် ခေါ်ယူထားကြောင်း သိရှိရသဖြင့် မမိုးခိုင်အား အခင်းဖြစ်နေ့ ညနေ ၄ နာရီခွဲတွင် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးခဲ့ရာ ဒေါ်တင်မေသည် လွန်ခဲ့သည့် တစ်လခန့်က ခြံထွက်သရက်သီး ရောင်းပေးထားသော ငွေကျပ် ၁၀၀၀၀ ကို မမိုးခိုင်ထံမှ ပြန်တောင်းသဖြင့် မမိုးခိုင်က မကျေမနပ်ဖြစ်နေခဲ့ကြောင်း၊ အခင်းဖြစ်နေ့ နံနက် ၁၀ နာရီတွင် ဒေါ်တင်မေအိမ်သို့ သွားရောက်ခဲ့ပြီး ဒေါ်တင်မေအား သနပ်ခါးလိမ်းလိုကြောင်း အကြောင်းပြ၍ အိမ်အပေါ်ထပ်သို့ လိမ်လည်ခေါ်ဆောင်သွားခဲ့ကြောင်း၊ အိမ်အပေါ်ထပ်အရောက်တွင် မမိုးခိုင်က ဒေါ်တင်မေအား ယခင်က ရောင်းပေးရန် ပြသဖူးသည့် ရွှေဘယက်ကို ယခုဝယ်လိုသူရှိကြောင်း ပြော၍ တောင်းယူပြီး ရွှေဘယက်ရသည်နှင့် မမိုးခိုင်သည် ယခင်အငြိုးအတေးနှင့် လောဘဇောကြောင့် ဒေါ်တင်မေအား နောက်မှ အသင့်ယူဆောင်လာသော သစ်ခုတ်ဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်တင်မေ၏ နားရွက်ကို ဓားဖြင့် လှီးဖြတ်၍ ပုလဲတစ်လုံးစီတပ် နှစ်ပဲသားခန့် ရွှေနားကပ်တစ်ရံနှင့် အိမ်ရှိ ငွေကျပ် ၇၀၀၀ တို့ကို ယူဆောင်ခဲ့ကြောင်း သိရှိရသည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ပြစ်မှုကျူးလွန်သူ မမိုးခိုင်(ခ) မိုးမိုးခိုင်ထံမှ ရွှေ နှစ်ကျပ်လေးပဲ၊ ငါးရွေးခန့်ရှိ ရွှေဘယက်တစ်ကုံး၊ ပုလဲတစ်လုံးစီတပ် ရွှေနားကပ်တစ်ရံနှင့် ငွေကျပ်နှစ်ထောင်တို့ကို ပြန်လည်သိမ်းဆည်းရမိပြီး တရားခံအား ထိရောက်စွာ အရေးယူအပြစ်ပေးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ ပစ္စည်းယူ၊လူသတ်တရားခံအား နှစ်နာရီအတွင်း ဖမ်းဆီးရမိခြင်းမှာ ရပ်ကွက်နေပြည်သူလူထုက တာဝန်သိသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိုတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ပြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၄၀)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဦးခိုက်ပူဇော်ဂုဏ်ကျေးဇူးတော်**
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သတ္တိဗျတ္တိ" (အပိုင်း-၁၇)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိုတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနောရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ ကာကွယ်ရေးဝန်ကြီးဌာနမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား တနောရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း အခြေအနေ၊ ရေပိုလွှဲများတည်ဆောက်ပြီးစီးမှုနှင့် ရေငြိမ်ကန်နှင့် ရေသွယ်မြောင်းများ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူး ဦးပိုက်ထွေးက အမှတ်(၁) စက္ကူစက်ရုံ(စစ်တောင်း)၏ ရေလိုအပ်ချက်နှင့် စက်ရုံစိုက်ခင်းများ အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရေလှောင်တမံဝန်းကျင် စိုက်ခင်းများကို စနစ်တကျဆောင်ရွက်ရေး၊ စက်ရုံရေတင်သည့်အခါ စိုက်ခင်းများသို့ ရေရောက်ရှိနိုင်၍ ဟင်းသီးဟင်းရွက်နှင့် ရာသီသီးနှံ၊ နွေစပါးတို့ကို သင့်သလို စိုက်ပျိုးရေးနှင့် တမံဝန်းကျင် စက်ရုံပိုင်မြေနှင့် ကင်းလွတ်မြေဖြစ်သည့် စားကျက်မြေများ၊ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ ဒေသခံပြည်သူများ၏ စိုက်ခင်းများအဖြစ် စနစ်တကျနေရာချထားရေးကို ညှိနှိုင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရေသွယ်မြောင်းအစနှင့် ရေငြိမ်ကန်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တနောရေလှောင်တမံစီမံကိန်းသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အမှတ်(၁) စက္ကူစက်ရုံ(စစ်တောင်း)အနီး၌ တည်ရှိ၍ တမံအလျားပေ ၂၅၈၀၊ အမြင့် ၈၆ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၁၆၈၀၀ရှိပြီး ရေလှောင်တမံပြီးစီးပါက နေ့စဉ်ရေဂါလန် ၉ ဒသမ ၅ သန်း အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် စစ်တောင်းတံတား(မုပ္ပလင်)ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည်ရှုရပ်မှတံတားတည်ဆောက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းက ပင်မတံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဝေါမြို့နယ်ဘက်ကမ်းရှိ ချဉ်းကပ်လမ်းမြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ မုပ္ပလင်ဘက်ကမ်းရှိ ချဉ်းကပ်လမ်းတွင် ဖြတ်မြေဆောင်ရွက်မှု၊ ချဉ်းကပ်လမ်းအူကြောင်းရွေးချယ်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တံတားကြမ်းခင်းနှင့် ချဉ်းကပ်လမ်းတို့၏ လမ်းမျက်နှာပြင် ပျက်စီးခြင်းမရှိအောင် ဆောင်ရွက်ရေး၊ တံတားဘိုးတိုင်များသို့ ရေငန်ရောက်၍ ဘိလပ်မြေများ ရေတိုက်စားမှုမဖြစ်အောင် တည်ဆောက်ကြရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းကိုဆောင်ရွက်ရာတွင် ခြိုးခြံချွေတာ၍ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ စစ်တောင်းတံတား(မုပ္ပလင်)သည် ပဲခူးတိုင်း ဝေါမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်ထို မြို့နယ်တို့တွင် တည်ရှိပြီး ပင်မတံတားအရှည်မှာ ၁၃၆၅ပေ၊ ဝေါမြို့နယ်ဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ ၇၈၃ဒသမ၆ပေ၊ ကျိုက်ထိုဘက်ကမ်းရှိ ချဉ်းကပ်လမ်းမှာ ၂၄၄ ဒသမ ၁ ပေ၊ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်ခြောက်ပေစီ၊ တံတားရေအောက်လမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၂၉၅ပေ၊ အမြင့်ပေ ၂၀ရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ဖြစ်သည်။ စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ပြီးစီးပါက ယခင်လမ်းဟောင်းမှ သွားလာခြင်းထက် လေးမိုင်ခန့်အချိန်ကုန်သက်သာမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဝါးပါးရေလှောင်တမံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဝါးပါးရေလှောင်တမံ၏ ရေပေးဝေမှု အခြေအနေကို ရှုရပ်မှကြည့်ရှုစစ်ဆေးပြီး ဝါးပါးရေလှောင်တမံမှတစ်ဆင့် ရေပေးမြောင်းများဖြင့် သီးထပ်နွေစပါးစိုက်ပျိုးရေးနှင့် သထုံမြို့နယ်ရှိ ဒေသခံပြည်သူများအား သောက်သုံးရေဖြည့်ဆည်း ပေးဝေနိုင်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ တာတမံကြံ့ခိုင်ရေးကိုလည်း မျက်ခြည်မပြတ် ထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ဝါးပါးရေလှောင်တမံသည် သထုံ-မြိုင်ကလေးကားလမ်းပေါ်၌ တည်ရှိပြီး အလျား ၂၀၆၄ပေ၊ အမြင့် ၇၀ဒသမ၅ပေ၊ ရေလှောင်ပမာဏ ဧကပေ ၄၁၅၀ ရှိပြီး ဆည်ရေသောက်ဧရိယာ ဧက ၂၄၀၀ဖြစ်သည်။ မြို့ရေပေးရေးတွင် တစ်ရက်ရေပေးသည့်ပမာဏမှာ ဂါလန် ၂ ဒသမ ၄ သန်းဖြစ်ပြီး ၁၉၉၆ ခုနှစ် မတ်လမှ စတင်ရေပေးဝေခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် စံပြဧက ၄၀၀ စိုက်ခင်းကြည့်ရှု သီးထပ်စွမ်းအား မြှင့်တင်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ရက် နံနက်ပိုင်းက ပုသိမ်-ကံကုန်း-မြင်းကဆိပ် ကားလမ်းအတိုင်း မြောင်းမြမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ကန်ကြီးထောင့်မြို့နယ်နှင့် မြောင်းမြမြို့နယ်များအတွင်း ကားလမ်းဘေးဝဲယာတစ်လျှောက် မိုးစပါး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေ၊ တစ်မိုးနှစ်သီး ပထမစပါးများအား ဒေသခံတောင်သူများမှ ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ဒုတိယစပါးစိုက်ပျိုးရန် ပျိုးထောင်ထားရှိမှု အခြေအနေ၊ လမ်းတံတားအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြောင်းမြ-အိမ်မဲ ကားလမ်းပေါ်ရှိ ကျုံဝါးကျေးရွာအနီးမြို့ဝင်ဧက ၄၀၀ စံပြစိုက်ခင်း နည်းပညာပေးရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

၎င်းနောက် တိုင်းမှူးသည် ရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများအား တွေ့ဆုံရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ဦး၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွင့်ဝင်းနှင့် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးဝေတို့က ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသော ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှု၊ ဒေသတွင်း စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်တိုးရေးအတွက် သက်ဆိုင်ရာဌာနများမှ နည်းပညာအကူအညီရယူ ဆောင်ရွက်ကြရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးမှုကို သီးထပ်စွမ်းအားမြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လယ်ကန်သင်းပေါင်သီးနှံများ စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ စက်သုံးဆီအစားထိုးခြံစည်းရိုးကြက်ဆူပင်များအား မြေကွက်လပ်မကျန် စိုက်ပျိုးရေးနှင့် နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ရေး ကိစ္စများကို မှာကြားခဲ့သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ စံပြဧက ၄၀၀ စိုက်ခင်းတွင် ဒေသခံတောင်သူများအား စံပြနမူနာဆောင်ရွက်ထားသော စပါးစမ်းသပ်စိုက်ကွက်များ၊ လယ်ကန်သင်းပေါင်သီးနှံ စိုက်ခင်းများနှင့် ဘိုကာရှိ သဘာဝမြေဩဇာပြုလုပ်သုံးစွဲမှု နည်းစနစ်များကိုလည်းကောင်း၊ ဒေသခံတောင်သူများက ကောက်စိုက်အဖွဲ့များဖြင့် ဆင်းသွယ်လတ်မိုးစပါးများ ကောက်ကွက်ပြည့်စုပေါင်း စိုက်ပျိုးနေမှု လုပ်ငန်းခွင်ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးပြီး ကောက်စိုက်လုံမေများအား ဝတ်စုံများဂုဏ်ပြုပေးအပ်ခဲ့သည်။

ပေးအပ်

၎င်းနောက် တိုင်းမှူးသည် လပွတ္တာမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွေးနဒီခန်းမတွင် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းမှာကြားပြီး ဒေသတွင်း အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများအတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ကျောင်းသုံး ဗလာစာအုပ်များအား မြို့နယ်ပညာ ရေးမှူးထံ ပေးအပ်သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကျုံဝါးကျေးရွာမြို့ဝင် ဧက ၄၀၀ စံပြစိုက်ခင်းတွင် ကောက်စိုက်လုံမေများအား ဝတ်စုံများ ဂုဏ်ပြုပေးအပ်စဉ်။ (သတင်းစဉ်)

HIV စစ်ဆေးခြင်းဆိုင်ရာ အသိပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ “မိမိဆန္ဒအလျောက် လျှို့ဝှက်စွာ နှစ်သိမ့်ဆွေးနွေးပညာပေးခံယူပြီး HIV စစ်ဆေးခြင်း” (Voluntary Confidential Counselling & Testing - VCCT)ဆိုင်ရာ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဟောပြောပွဲကို ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေး လုပ်ငန်းအဖွဲ့ခွဲတာဝန်ခံ ဒေါက်တာဒေါ်လေးခိုင်က “မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးမှု ခံယူခြင်းနှင့် HIV ပိုး ရှိ/မရှိ သွေးစစ်ဆေးခြင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လသာမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲတာဝန်ခံ ဒေါက်တာဒေါ်သန်းသန်းဌေးက “ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းအကြောင်း”ကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ဟောပြောပွဲ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မာဒေးကားပြိုင်ပွဲအတွက် လက်ရွေးစင်ခြေစမ်း မျိုးလှိုင်ဝင်း သွင်းသောဂိုးဖြင့် လက်ရွေးစင် (က)နိုင်

ရန်ကုန်   ဇူလိုင်   ၂၇

၂၀၀၆ ခုနှစ် ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော ပဏာမ မြန်မာ့လက်ရွေးစင်အသင်း၏ လူရွေးခြေစမ်းပွဲ ပထမပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပဏာမလက်ရွေးစင် (က)အသင်းက ပဏာမလက်ရွေးစင် (ခ) အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပဏာမလက်ရွေးစင် (က)အသင်း တစ်ဂိုး
(မျိုးလှိုင်ဝင်း)
ပဏာမလက်ရွေးစင် (ခ)အသင်း ဂိုးမရှိ
ဒိုင်လူကြီး ဦးလှတင့်

အတွေ့အကြုံ ရင့်ကျက်သည့် ပဏာမလက်ရွေးစင် (က)အသင်းနှင့် လူငယ်ကစားသမား အများစုကို အခြေခံဖွဲ့စည်းထားသည့် ပဏာမ လက်ရွေးစင် (ခ)အသင်းတို့ အကြိတ်အနယ် ကစားသွားကြသည်။ မျိုးလှိုင်ဝင်း၏ ပွဲပြီးခါနီးသွင်းသော ဂိုးဖြင့် လက်ရွေးစင် (က)အသင်းက အနိုင်ရရှိသွားသည်။

ခြေစမ်းပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေး ကော်မတီဝင် ဦးအောင်သိန်းညွှန့်က ပဏာမလက်ရွေးစင် (ခ)အသင်းအား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အနိုင်ရရှိသွားသော ပဏာမလက်ရွေးစင် (က)အသင်းအား ဂုဏ်ပြုဆုငွေကျပ်သုံးသိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပဏာမ လက်ရွေးစင် (က) အသင်းတွင် ဂိုး-ကိုကိုအောင်၊ နောက်တန်း-မင်းသူ၊ ဇော်လင်းထွန်း၊ ကျော်ဇေယျာမင်း၊ ခင်မောင်လွင် (ဇော်ထက်အောင်)၊ အလယ်တန်း - ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း (လာကျဲအိုလွယ်)၊ စိုးသီဟအောင်၊ ကျော်သူရ၊ အောင်ကျော်ထွန်း (စိုးမြတ်မင်း)၊ ရှေ့တန်း-မျိုးလှိုင်ဝင်းတို့ ပါဝင်ကစားသွားကြပြီး ပဏာမ လက်ရွေးစင် (ခ)အသင်းတွင် ဂိုး-ဇော်မိုးထက်၊ နောက်တန်း-ဟန်ဝင်းအောင်၊ မိုးဝင်း၊ စောထူးကျော်၊ အောင်ဇော်မျိုး၊ အလယ်တန်း - ကျော်သီဟ (နိုင်ဝင်း)၊ အောင်မျိုးသန့်၊ မျိုးမင်းထွန်း၊ ဇော်ဇော်၊ ရှေ့တန်းတွင် အောင်မြင့်အေးနှင့် ဆန်းဒေးသိန်း (စည်သူဝင်း)တို့ ပါဝင်ကစားသွားကြသည်။

ခြေစမ်းပွဲဒုတိယပွဲစဉ်ကို ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဘဏ္ဍာရေးမှူးဦးသန်းဇော် အနိုင်ရရှိသွားသော ပဏာမလက်ရွေးစင် (က) အသင်းအား ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်း ချီးမြှင့်စဉ်။
(ဓာတ်ပုံ-စိုးညွှန့်)(ကြေးမုံ)

ကွယ်လွန်သူ အဘွား၊ မိခင်၊ ဖခင်၊ ခင်ပွန်းသည်နှင့် သားတို့အားရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဝေဇယန္တာလမ်းနေ ဒေါ်တင်ကြွယ်၊ ဒေါ်တင်ရှိန် မိသားစုက ဒဂုံ မြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းတစ်သောင်းကို ဒွိပိဋက ဆရာတော် ဘဒ္ဒန္တ စဋိလထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် မွန်ပြည်နယ်၊ မုဒုံမြို့၊ ကျိုက္ကမော့လေး၊ တောင်ပေါ်ဘုရားကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မပိယသိဒ္ဓိ၏ (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အလုံမြို့နယ် ငုဝါလမ်းနေ ဒေါ်ငွေခင်မိသားစုက အလှူတော်ငွေ ကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ခေမာသီရိ (လှတော) ထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E) နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အားသုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

၁။ လ၏၁ ရက်နေ့မှ ၅ရက်နေ့အတွင်း တာဝန်ကျမီတာစာရေးများမှ ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။
၂။ လ၏ ၆ ရက်နေ့မှ ၁၀ရက်နေ့အတွင်း ငွေတောင်းခံလွှာများ ပြုလုပ်ပါမည်။
၃။ လ၏၁၁ရက်နေ့မှ၁၅ရက်နေ့အတွင်းမီတာဖတ်စာရေးများမှ ကျသင့်ငွေတောင်းခံလွှာများအား ထပ်မံလာရောက် ဝေငှပါမည်။
၄။ လ၏ ၁၆ရက်နေ့မှ ၂၅ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများမှ မိမိတို့ပေးဆောင်ရမည့် ကျသင့်ငွေများအားသက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက်လာရောက်ပေးဆောင်ရပါမည်။
၅။ လ၏ ၂၆ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေပေးသွင်းရန် ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။
၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများမှ လ၏ ၁ရက်မှ ၅ရက်နေ့အတွင်း မီတာများအလွယ်တကူဖတ်ရှုနိုင်ရေး၊ လ၏ ၁၁ရက်မှ ၁၅ရက်အတွင်း ငွေတောင်းခံလွှာများ လာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီ ပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လ သုံးစွဲသော မီတာအား ဩဂုတ်လ ၁ရက်နေ့တွင် စတင်ဖတ်ခြင်းမှ ပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ် အထက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက်ပန်းတနော်မြို့နယ် အင်းမရှာ ဦးလှခင် (ကျောင်းအုပ်ကြီး) အား ရည်စူး၍ ဒေါ်တင်မြင့်နှင့် သားသမီးများ ဖြစ်သော ဦးစိုးလွင်-ဒေါ်နုနုစမ်း၊ ဦးဘိုတင့်-ဒေါ်ရီရီခင်၊ ဦးအေးစိုး၊ ဒေါ်မိုးမိုးခိုင် မိသားစုတို့က အလှူတော်ငွေ ကျပ်တစ်သိန်းကို လှူဒါန်းရာ ဆရာတော် အရှင်ခေမာသီရိ လက်ခံရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။
(၅၃၅)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက် ယနေ့ အကြိုဗိုလ်လုပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးပွဲစဉ်

အမျိုးသမီး ပတ်လည်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များတွင် စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို ၈၃ မှတ်၊ ၂၅မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)ကို ၆၂မှတ်၊ ၃၀မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)က တနင်္သာရီတိုင်းကို ၆၈မှတ်၊ ၂၈မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းက ဧရာဝတီတိုင်းကို ၆၁မှတ်၊ ၂၉မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားကွာတားဖိုင်နယ်

အမျိုးသား ကွာတားဖိုင်နယ် ပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) က ပဲခူးတိုင်းကို ၈၇မှတ်၊ ၃၃မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)က စစ်ကိုင်းတိုင်းကို ၆၇မှတ်၊ ၅၀မှတ်ဖြင့်လည်း ကောင်း၊ ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ၇၈မှတ်၊ ၅၄မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းက ရခိုင်ပြည်နယ်ကို ၇၈မှတ်၊ ၄၄မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြပြီးအကြိုဗိုလ်လုပွဲသို့ တက်သွားကြသည်။

ယနေ့ပွဲ အကြိုဗိုလ်လုပွဲများ

အမျိုးသမီး အကြိုဗိုလ်လုပွဲများအဖြစ် စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသား အကြိုဗိုလ်လုပွဲများအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းဆွဲတိုက်ခိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် ထန်းတပင်မြို့နယ်ဌာနများမှ နှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၂၇

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နည်းမျိုးစုံဖြင့် နှောင့်ယှက် ဖျက်ဆီးလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရ

အကြမ်းဖက် သောင်းကျန်းသူများ၏ ဖျက်ဆီးမှုကြောင့် အပြစ်မဲ့ ပြည်သူများ၊ ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပွားခဲ့ရသည်။

ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းကလည်း အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ သေဆုံး ဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည်။

ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝေမောင် ဦးဆောင်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ထန်းတပင်မြို့နယ် ရှားစေဘိုကျေးရွာ၌ ကျေးလက်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို နယ်မြေခံတပ်မှ စစ်ကြောင်းမှူး ဦးစီးသည့် တပ်မတော်သားများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ရှားစေဘိုကျေးရွာမှ ထန်းတပင်မြို့နယ်သို့ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂နာရီခန့် တောတွင်းတစ်နေရာ၌ အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများက ဆွဲမိုင်း တစ်လုံးဆွဲ၍ တိုက်ခိုက်ခဲ့သည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ ဆွဲမိုင်းဆွဲ တိုက်ခိုက်မှုကြောင့် ထန်းတပင်မြို့နယ်၊ မြေစာရင်း ဦးစီးဌာနမှူး ဦးအောင်သိန်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာရေး ဦးနိုင်ထွန်းတို့ မိုင်းစနှင့် လက်နက်ငယ်ကျည် ထိမှန်သေဆုံးခဲ့ရပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝေမောင်၊ ကျေးလက် ကျန်းမာရေးမှူး ဦးမင်းသိန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးမိုးဇော်ဦး၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှ မြေတိုင်းစာရေး ဦးမျိုးမင်းဇော်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ရုံးအကူ ဦးသူလှိုင်စိုးတို့ ငါးဦး မိုင်းစနှင့် လက်နက်ငယ်ကျည်များ ထိမှန်ဒဏ်ရာရခဲ့ကြသည်။

ယင်းဒဏ်ရာရသူ များအား ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် တောင်ငူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိသည်။

ဆွဲမိုင်းဆွဲ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူများနောက်သို့ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က M3 ခန်းမဆောင်တွင် ကျင်းပရာ ၂၀၀၅-၂၀၀၆ ခုနှစ် စက်မှုလက်မှု ကဏ္ဍရည်မှန်းချက်အပေါ် တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့သည့် ဒုတိယဆုရရှိသော ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂) စက်မှုဇုန်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ဆုချီးမြှင့်ရာ အမှတ် (၂) စက်မှုဇုန်ဥက္ကဋ္ဌ ဦးအောင်မြင့် ဆုလက်ခံရယူစဉ်။ (က-ပ)

လူပျောက်ကြော်ငြာ



ကျွန်တော်၏အဘိုးဖြစ်သူဦးစန်းအောင် (ခ) ဦးနတ်ပေး (DNU ၀၃၄၀၃၅) အသက် (၈၄) နှစ်သည် ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်-အင်းစိန်လမ်းမ၊ ဘူတာရုံလမ်းကားမှတ်တိုင်အနီး ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် Ph-၇၂၅၅၀၄၊ ၀၉၅၀၀၅၉၄၃၊ ၀၉၅၁၆၈၃၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနောရေလှောင်တမံနှင့် စစ်တောင်းတံတား(မုပ္ပလင်) စီမံကိန်းများစစ်ဆေး ဝါးပါးရေလှောင်တမံ ရေပေးဝေမှုကြည့်ရှုပြီး တာတမံကြံ့ခိုင်ရေးဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ နယ်စပ် စစ်တောင်းတံတားသို့ရောက်ရှိရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စစ်တောင်းတံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့နယ် အမှတ်(၁) စက္ကူစက်ရုံ (စစ်တောင်း)အနီးရှိ တနောရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ ရေဝင်အမှတ်အသားများနှင့် ရေပိုလွှဲများအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရေလှောင်တမံဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ ယနေ့ မိုးလေဝသ

၂၈-၇-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်တိုင်းသည် စီးပွားရေးကဏ္ဍအနေဖြင့် အဆင့်(၁)၌ရှိနေ နောင်နှစ်များတွင်လည်း အဆင့်(၁)နေရာတွင်ရှိနေရန် ဆက်လက်ကြိုးပမ်း ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ကျင်းပသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုမြို့ရှိ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻